Chateau Man

အားလုံးမင်္ဂလာပါခင်ဗျ

ကျွန်တော်ဒီစာ အုပ်လေးကို ထုတ်ရတဲ့ ရည်ရွယ်ချက်လေးက Android အသုံးပြုသူတိုင်း မိမိတို့ ရဲ့ဖုန်းမှာတခုခုမဖြစ်ခင် ကြိုတင်ပြင်ဆင် သင့်တာများ ပြင်ဆင်ခွင့်ရအောင် ။ မိမိ ဖုန်းမှာ တခုခုဖြစ်ခဲ့သည်ရှိသော် ကို ကိုယ်တိုင် ပြန်လည်ပြုပြင်နိုင်အောင်ဆိုတဲ့ရည်ရွယ်ချက် လေး တခုတည်းနဲ့ ပဲ ပြုလုပ်ဖြစ်သွားတာပါ ။ ကျွန်တော်ဟာ ဆရာတယောက်မဟုတ်သလို ကျွမ်း ကျင်အဆင့်လည်းလုံးလုံးမဟုတ်ပါဘူး။ သို့ သော် ကျွန်တော် သိသလို မသိသေးတဲ့လူတွေလည်း ရှိသလို ၊ ကျွန်တော်သိတာထက်ပိုသိတဲ့ ဆရာအဆင့် တွေလည်း အများကြီးပါ.။ ထို ဆရာများကို လည်းကျွန်တော် လေးစားမိပါသည်။ သို့ ပါ၍ ကျွန်တော် ဒီလို လေး တက်လာအောင်ပင် နေ့ ရောညပါ အချိန်ကုန်ခံ အိပ်ရေးအပျက်ခံ၍ သင်ကြားပေးပါသော ဒေါ်ထားထားလွင် နှင့်အခြားသင်ဆရာ ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးအားလုံးကို ဒီ PDF လေးကနေ ဂါရဝ ပြုအပ်လိုတ်ပါတယ်ခင်ဗျ။

Chateau Man
Collection Of Android

မာတိကာ


1. Android ဆိုတာဘာလဲ ?
2. Root ဆိုတာဘာလဲ
    1. Samsung ဖုန်းများအား Root ပြုလုပ်ခြင်း
    2. Huawei  ဖုန်းများအား Root ပြုလုပ်ခြင်း
    3. HTC ဖုန်းများအား Root ပြုလုပ်ခြင်း
    4. Sony ဖုန်းများအား Root ပြုလုပ်ခြင်း
    5. LG ဖုန်းများအား Root ပြုလုပ်ခြင်း

3. CWM Recovery ဆိုတာဘာလဲ ?
    1. Samsung ဖုန်းများအား CWM Recovery ပြုလုပ်ခြင်း
    2. Huawei ဖုန်းများအား CWM Recovery ပြုလုပ်ခြင်း
    3. HTC ဖုန်းများအား CWM Recovery ပြုလုပ်ခြင်း
    4. Sony ဖုန်းများအာ CWM Recovery ပြုလုပ်ခြင်း
    5. LG ဖုန်းများအား CWM Recovery  ပြုလုပ်ခြင်း

4. Custom ROM ဆိုတာဘာလဲ ?
    1. Samsung  ဖုန်းများအား Custom ROM တင်ခြင်း
    2. Huawei  ဖုန်းများအား Custom ROM တင်ခြင်း
    3. HTC  ဖုန်းများအား Custom ROM တင်ခြင်း
    4. Sony ဖုန်းများအား Custom ROM တင်ခြင်း
    5. LG ဖုန်းများအား Custom ROM တင်ခြင်း

5. Custom ROM များအခမဲ့ ရယူနိုင်သော ဝက်ဆိုဒ်များ
6. Application & Game များအခမဲ့ရယူနိုင်သော ဝက်ဆိုဒ်များ

## 2. Root ဆိုတာဘာလဲ

မင်္ဂလာပါ ။ Root က ဘာလဲဆိုတာကို မပြောခင်ကျွန်တော်နားလည်သလို  ဥပမာလေးတခုနဲ့ ပြာပြချင်ပါတယ်

Root

ဖောက်တယ်ဆိုတာက တကယ်တော့ အဲဒီ ဟန်းဆက်တလုံး လုံးကို မိမိ စိတ်ကြိုက် လုပ်ပိုင်ခွင့်ယူလိုက်တာပဲ ဖြစ်ပါတယ် ။ အဲလို Root ဖောက်လိုက်ပီဆိုရင်တော့ ဖုန်းဟာ Warrenty (အာမခံ) ပျက်သွားမှာ ဖြစ်ပါတယ် ။ တချို့ ဖုန်းတွေမှာမသိသာပေမယ့် Samsung ဖုန်းတွေမှာ သူတို့ ရဲ့ ဖုန်းကို ဝယ်လိုက်ရင် သူတို့ ကုမ္ပဏီကနေ ပြီးတော့ တရားဝင် အာမခံ 1 နှစ်ပေးပါတယ်..အဲဒီဖုန်းတွေကို ဝယ်လိုက်မယ်ဆိုရင်မိမိ ဟာဖုန်းကို Root မဖောက်ရပါဘူး ။ အဲလို Root မဖောက်မှသာလျှင် ဖုန်းမှာ Error ( User Effect မပါ) တခုခုဖြစ်ခဲ့လျှင် လက်ခ မဲ့ သော် လည်း ကောင်း ပစ္စည်းနှင့် လက်ခမဲ့သော် လည်းကောင်း  ဖုန်းတလုံး အသစ်လဲပေးသည်သော် လည်းကောင်း ပြုလုပ်ပေးပါသည်။အကယ်၍မိမိက Root ဖောက်လိုက်လျှင်အထက်ပါအကြိုးခံစားခွင့်များအား ပြုလုပ်ပေးမည် မဟုတ်တော့ပေ ။ Root မဖောက်လို့ ရှိရင် အားသာချက် အားနည်းချက်ကတော့ရှိစမြဲပါ..အပေါ်မှာပြောပြခဲ့တာ ကတော့ အားသာချက်ပါ.အားနည်းချက်တော့ Rootမဖောက်တဲ့အတွက်မြန်ဖောင့်များ အသုံးပြု၍ ရမည်မဟုတ်ပေ။ထို့ နည်းတူ Root Access ရရှိမှ သာလျှင်အသုံးပြု၍ ရသော Easy Battery Saver, Game Hacking App, ROM Manager, etc…. အစရှိသော Application များကို အသုံးပြု၍ ရမည်မဟုတ်ပေ..။

ထို့ ကြောင့် မိမိသည် ဖုန်းတလုံးအား Root ဖောက်တော့မယ် ဆိုရင် သေသေချာချာစဉ်းစားပေးစေချင်ပါတယ် အကယ်၍ Customer းတွေအများစုမှာလည်း Root ဆိုတာဘာလဲဆိုတာကိုမသိတာကများပါတယ်.ကျွန်တော် ကနိမ့်တာမဟုတ်ပါဘူး ကျွန်တော်ကိုယ်တိုင်လည်း ကြုံတွေ့ နေ တာမို့ ပါ ။

အဲဒီလောက်ဆိုရင်တော့ Root ဖောက်ရတဲ့ အားသာချက် နှင့်..အားနည်းချက်ကို သိပြီလို့ တော့ကျွန်တော်ယူဆပါတယ် ။

ဥပမာ။ ။ ကျွန်တော့မှာ နေစရာအိမ် မရှိဘူးထားလိုက်ဗျာ. အဲဒီအခါ ကျွန်တော်ဟာ နေထိုင်ဖို့ အတွက် အိမ်တလုံးကို အသည်းအသန်ငှားရပါတော့မယ် ။ အဲဒီလိုငှားလိုက်တာ အဆင်ပြေသွားပါတယ်.ဟုတ်ပါပြီ ကျွန်တော်က အဲဒီအိမ်ပေါ်ကို တက်နေပြီပေ့ါ.တနေ့ ကြတော့ကျွန်တော်ဟာ အခု ကျွန်တော်ငှားနေတဲ့အိမ်လေးကို လှပသွားအောင်လို့ပေ့ါနော်..တခုခုပြင်မယ် (သို့ ) ထပ်၍ တိုးချဲ့မယ် ( သို့ ) အဖီထုတ်မယ် (သို့ .) မိမိစိတ်ကြိုက်တခုခု လုပ်မယ်ဆိုရင် ဒီငှားထားတဲ့ အိမ် ကြီးရဲ့ ပိုင်ရှင်ကသဘောတူပ့ါမလား ..( ?? ) သေချာပါတယ်လုံးလုံးမှသဘောမတူနိုင်ပါ..အဘယ်ကြောင့်ဆိုသော် မိမိ သည်အိမ်ငှားဖြစ်နေလို့ ပါ.အဲလို မိမိစိတ်ကြိုက် ပြင်ဆင်ချင်တယ်ဆိုရင်တော့ တနည်းတည်းရှိပါတယ် အဲဒါကတော့ အိမ်ကို အပိုင်ဝယ်လိုက်ပါ ဒါဆို ရင်တော့ အဲဒီအိမ်ကိုမိမိ ပိုင်ဆိုင်သွားသလို မိမိ စိတ်ကြိုက် အဲဒီအိမ်ကို ပြင်ဆင်ခွင့်ရှိသွားမှာပါ..

Android တွေမှာလည်း အဲဒီလိုပါပဲ  စာဖက်သူဟာ ဟန်းဆက်တလုံး  (Warrenty ) ကိုဝယ်လိုက်တယ်ဆိုပေမယ့်တကယ်တော့အဲဒါက အငှားသဘောပါပဲ. ကိုယ်က Root ဖောက်လိုက်မှသာလျှင် အဲဒီဟန်းဆက် တခုလုံးကိုမိမိ ကပိုင်ဆိုင်မှာဖြစ်ပါတယ်.အခုဆိုပိုပြီးသတိထားမိမှာက နောက်ပိုင်းမှာထွက်လာတဲ့ Huawei Brand ဟန်းဆက်တွေမှာဆိုရင် ကုဒ်ပို့ပြီးတော့ရလာတဲ့ကုဒ်နဲ့  လော့ဖြည်ရပါတယ်.အဲဒီလို လော့မဖြည်ခင်မှာမိမိ အသုံးပြုထားလျှက်ရှိသောအသုံးပြုသော Data များအားလုံးကို သူတို က ယာယီ ပဲပေးသုံးထားတာပါ ဘယ်မှာသွားသိသာလဲဆိုတော့ ကျွန်တော်တို့ ကုဒ်တွေ  ရလို့ ကုဒ်ဖြည်တဲ့အခါမှာသိပါတယ်.သူ က Formating data လုပ်ပစ်လိုက်တာပါ ဆိုလိုတာက အဲဒီဖုန်းကိုမင်း ပိုင်သွားပီ ဆိုတဲ့သဘောပါ ။ ထို့ ကြောင့် ကျွန်တော့် Meeting တခုမှာ ဗဟုသုတ အနေနဲ့ တခုရလိုက်ပါတယ် အဲဒါကတော့ " စက်ရုပ်တခုကို လက်မှာကိုင်ထားပြီးတော့မိမိ စိတ်ကြိုက် ပြုပြင်ခွင့်မရတာဟာ ဒီမို ကရေစီ မရသေးတဲ့ လူတယောက်နဲ့ တူပါတယ် " တဲ့. ကျွန်တော်က အဲဒီလူကို လုံးဝလေးစားသွားတယ် တကယ်လည်းကျွန်တော့ကိုယ်တွေ့ မို ပါ...အခုလောက်ဆို Root ဆိုတာဘာလဲ Root ဖောက်လိုတ်ရတဲ့အတွက် အားသာချက်။အားနည်းချက်တို့ကို ကျွန်တော်သိသလောက် တက်သလောက်တို့ ကိုအလျှဉ်း သင့်သလို စာဖက်သူများနားလည်အောင် ရေးသားထားတဲ့အတွက် အမှားများလည်း ပါကောင်းပါနိုင်ပါသည်။ ထိုအမှားများအားပြင်ဆင်၍ နာလည်ခွင့်လွတ်ပေးပါရန်အနူးအညွတ်တောင်းဆိုလိုတ်ပါတယ်.။

2.

1. Samsung ဖုန်းများအား Root ပြုလုပ်ချင်း

Samsung ဖုန်းတွေကို Root ပြုလုပ်မယ်ဆိုရင်သေသေချာချာ စဉ်းစားထားပေးပါနော်..အာမခံ ကို ပျက်ပျယ်သွားမှာဆိုတော့ လက်သင့်ခံနိုင်လားပေ့ါ ။ အကယ်၍ ရတယ် ဘာမှမဖြစ်ဘူးလက်သင့်ခံနိုင်တယ်ဆိုရင် စတင်ပြီးတော့ Root ဖောက်ပါတော့မယ်နော် ။။

# Samsung

Galaxy Mini ( http://d-h.st/ycm )

Galaxy Ace ( http://d-h.st/8kM )

Galaxy Ace 2 ( http://d-h.st/jLs )

Galaxy Ace Plus ( http://d-h.st/hdB )

Galaxy Gio ( http://d-h.st/Zfz )

Galaxy Y ( http://d-h.st/1lH )

Galaxy S GT-I9000 ( http://d-h.st/EUI )

Galaxy Splus GT-I9001 ( http://d-h.st/1ux )

Galaxy SL GT-I9003 ( SuperOneClick )

Galaxy S Danvene GT-I9070 ( http://d-h.st/6Th )

Galaxy S2 GT-i9100 ( http://d-h.st/hZS )

Galaxy S2 GT-i9100G ( http://d-h.st/kKi ) (CWM Recovery )

Galaxy S3 Mini GT-i8190

Galaxy S3 GT-i9300 ( http://d-h.st/N7q ) ( CWM Recovery )

Galaxy Note N7000 ( http://d-h.st/eZB )

Galaxy Note 2 N7100

Galaxy Tab P3100 ( http://d-h.st/h5b )

Galaxy Tab P3110 ( http://d-h.st/TUj )

Galaxy Tab P3113

Galaxy Tab 2 P5100 ( http://d-h.st/A74 )

Samsung Driver ( http://www.mediafire.com/?4y1a2opm8o3ihfx )

Samsung Kies ( http://www.sharebeast.com/0kcigsu39f9r ) (or)

Samsung Kies (http://www.mediafire.com/?97qdjbi4fnt979t )

Samsung Odin 3.07 (http://www.mediafire.com/?d44zn6yfkzn1w6d )

# Samsung Galaxy Mini

Samsung Galaxy Mini ကို Root ဖောက်တော့မယ်ဆိုရင် လိုအပ်တာလေးတွေအရင်ပြင်ဆင်ပေးထားပါ

1 . Driver

2 . Odin

3 . Root File

= အရင်ဆုံး Driver ကို Dwonload ဆွဲ၍ မိမိ အသုံးပြုမယ့်ကွန်ပျူတာတွင် Run ထားပေးပါ..အဲဒီ Driver တခုရှိနေနေရင် အခြား Samsung ဖုန်းများတွင်လည်းအသုံးပြုလို့ရပါသည် ။

= Odin ကိုလည်း Download ဆွဲ၍ မိမိ အသုံးပြုမယ့် ကွန်ပျူတာတွင် Run ထားပေးပါ.

Odin ကဘာလဲဆိုတာလူတိုင်းသိပေမယ့် မသိသေးတဲ့သူတွေအတွက် ပါ..Odin ဆိုတာ Samsung ကုမ္ပဏီ ကနေတရားဝင် ထုတ်ပေးတဲ့ Root File. CWM File. Firmware , Wipe File အစရှိတာတွေကို ဖုန်းမှာ ပြုလုပ်ဖို့ အတွက် Computer နှင့် ဖုန်းအားချိတ်ဆက်ပေးသော ပစ္စည်းတမျိုးလို့လည်းပြောလို ရပါတယ် အဲဒီ Odin ကို Samsung ဖုန်းတမျိုးတွင်သာအသုံးဝင်ပါသည်။

= တတိယ အနေနဲ့ Root File ကို Download ဆွဲ၍ ကွန်ပျူတာ၏ တနေရာရာတွင်သိမ်းပေးထားပါ။

= ဖုန်းကို ပိတ်ပါ ထို့ နောက် Volume Down & Home & Power ခလုတ်သုံးခုကို ပြိုင်တူဖိပေးထားပါ

အဲလိုဆိုရင်တော့ ဖုန်းဟာ Downloading mode သို့ ဝင်ရောက်သွားပီဖြစ်ပါတယ်.(အောက်ကပုံတချက်ကြည့် ပေးပါ)




Samsung ဖုန်းများနှင့် Odin နှင့် တွဲ၍ အသုံးပြုမည်ဆိုလျှင် ဖုန်းအား Downloading mode သို့ ဝင်ရမည် ဖြစ်ပါသည်။ ဖုန်းတလုံးနဲ့ တလုံးမတူသလို Downloading mode ဝင်ပုံဝင်နည်းကလည်းကွဲပြား

သွားပါသည်။ သို့သော် ခေါင်းစဉ်တခု ၏ အောက်တွင် အမြဲတမ်း အဲဒီမော်ဒယ်၏ Downloading mode ဝင်ပုံ

ဝင်နည်းကိုပြောပြပေးသွားပါ့မယ်ခင်ဗျ ။

ကြိုတင်ပြင်ဆင်မှုများ ပြီးသွားလျှင် ကွန်ပျူတာပေါ်တွင် Run ထားသော Odin ၏ PDA အကွက်တွင် Root File အား ဖစ်ဖြည်၍ ထည့်လိုက်ပါ.




ပုံထဲမှာကြည့်လိုက်ပါ.စာဖက်သူများအဆင်ပြေအောင်လို့ ကျွန်တော်နီးစပ်ရာပုံလေးတွေနဲ့ ဖော်ပြပေးထားတာပါ အားလုံးကတော့အတူတူပါပဲ..အဲဒီလိုပုံလေးထဲကအတိုင်းဖြစ်ပီဆိုရင်တော့ Downloading mode ဝင်ထားတဲ့ ဖုန်းကို USB ကြိုးကနေပြီးတော့ကွန်ပျူတာမှာထိုးလိုက်ပါ..Odin ကလည်းဖုန်းကိုသိပြီဆိုရင်တော့ Odin မှာပါ တဲ့ Start ဆိုတဲ့ခလုတ်တချက်ကို နှိပ်လိုက်ပါ အဲဒီလိုဆိုရင်တော့ Odin ကအလုပ်လုပ်သွားမှာပါ PASS ဆိုတဲ့အစိမ်းရောင်အကွက်ကြီးကို မြင်ရင်တော့  မိမိ ရဲ့ ဖုန်းဟာ Root ပေါက်သွားပါပြီခင်ဗျ.. မယုံရင် ကြည့်လိုက်လေ..ဖုန်းရဲ့ Application List တွေထဲမှာ Super Su လေးတွေ့ ပါလိမ့်မယ်..







Samsung Galaxy Mini ကို အောင်မြင်စွာ Root  ဖောက်၍ ပြီးသွားပါသည်။။လွယ်ထှာ

# How  to root  Samsung Galaxy Ace

လိုအပ်တာလေးတွေ ဒေါင်းထားပေးပါ

3.Root File

လိုအပ်တာလေးတွေး ဒေါင်းပြီးသွားပြီဆိုရင် Samsung Galaxy  Ace  ရဲ့အတွင်းထဲမှာ ထည့်ထားတဲ့

SD ကဒ်ထဲကို ဒေါင်းလော့ဖိုင်လေး( update.zip) ကို ထည့်လိုက်ပါ..ပြီးရင်ဖုန်းကို Recovery ထဲသို့ ဝင်ပေးပါ

Recovery ထဲသို့ ဝင်ရန်အတွက် နည်းလမ်းကအများကြီးရှိပါတယ် ဖုန်းကိုတော့ USB debugging ကို On ထားပေးပါ...ပထမ နည်းလမ်းကဖုန်းကို ကွန်ပျူတာနဲ့ ချိတ်လိုက်ပါ.(ပါဝါဖွင့်ထားရမှာနော်)ပြီးရင် ကွန်ပျူတာရဲ့ Start ခလုတ်ကို သွားပါပြီးရင် Search Bar မှာ cmd လို့ ရိုက်လိုက်ပါ. Box တခုကျလာပါမယ်..အဲဒီဘောက်မှာ ဒီစာလေးကိုရိုက်လိုက်ပါ.

( adb reboot recovery ) ပြီးရင် Enter ခေါက်လိုက်ပါ ခဏနေရင်ဖုန်းက Recovery ထဲရောက်ပါပီ.




အဲဒီလိုဆိုရင်ဖုန်းက Recovery ထဲရောက်ပါပီ..နောက်တနည်းကအောက်မှာနော်..

ဖုန်းကိုပါဝါပိတ်ပါ.ပြီးရင် ဖုန်းကို  Volume Up & Home & Power ခလုတ်သုံးခု ပြိုင်ဖိထားပါ..ဒါဆိုရင်ဖုန်းဟာ Recovery ထဲရောက်ပါပီ။

ဖုန်းဟာ Recovery ထဲရောက်လျှင် install zip from sdcard ကိုသွားပါ

ထို့ နောက် choose zip from sdcard ကိုသွားပါ

ပြီးရင် update.zip ကိုရွေးပေးပါ..သူက install ယူသွားပါမယ်..

ပြီးရင် reboot system now ကို ရွေးပေးလိုက်ပါ..

(Recovery ထဲတွင် အပေါ်ကိုသွားရန်အတွက် Volume Up အောက်ကိုသွားရန်အတွက်

Volume Down နဲ့ ရွေးချယ်ဖို့ အတွက် Power (&) Home ..)

ဖုန်းကပါဝါပိတ်သွားပါ့မယ်..ပါဝါပြန်တက်လာရင်Apps Menu List တွေထဲမှာ Super User လေး မြင်တွေ့

ရမှာပါ။.

အခုဆိုရင် Galaxy Ace ကို Root ဖောက်လို့ ပြီးသွားပီဖြစ်ပါတယ်

# How to root Galaxy Ace Plus

Samsung Galaxy Ace Plus ကို Root ဖောက်ဖို့ အတွက်လိုအပ်တာလေးတွေကိုအပေါ်မှာဒေါင်းလော့ယူထားပါ

1. Driver
2. Odin
3. CWM File
4. CWM Super SU.zip ( http://d-h.st/eNO )

Driver & Odin ကိုတော့မပြောတော့ဘူးနော်..

အဲဒီမှာထူးဆန်းနေတာတခုက အရင်က Root ဖိုင်ပါတယ်နော်..အခု Galaxy Ace Plus မှာကြတော့ CWM File

တဲ့ ဘာကွာသွားလဲသိချင်လား...ဖုန်းကို CWM တင်မယ်..ပြီးရင် CWM Super Su.zip
လေးနဲ့ လုပ်လိုက်ရင်အိုတယ်လေ..ခေါင်းအစားမခံတော့ဘူး။အဲလိုဆို Root လည်းပေါက်မယ်.CWM
လည်းရမယ်ပေါ်..CWM ကဘာလဲဆိုတာ..နောက်အခန်းတွေမှာ ရှင်းသွားပါ့မယ် ။

ပြီးရင် ဖုန်းကို ပါဝါပိတ်ပါ..ထို့ နောက် Volume Down & Home & Power ခလုတ်ကိုဖိထားပေးပါ

အောက်ကပုံကိုကြည့်ပါ




ပုံကနည်းနည်းကြီးသွားတယ်ဟဲ...ပုံထဲကလိုပါပဲ.နော်..အဲဒီလိုဆိုရင် ဖုန်းဟာ Downloading Mode သို့ ရောက်

သွားပါပြီ..ပြီးလျှင် ဖုန်းနှင့် Odin နဲ့ ချိတ်ပါ ထို့နောက် Odin ရဲ့ PDA အကွက်မှာ အပေါ်ကပေးထားတဲ့

CWM ဖိုင်လေးကိုထည့်ပါ ပြီးရင် Start  ကိုနှိပ်ပေးပါ.ခဏတော့စောင့်ပေးပါ..PASS ဖြစ်ပြီဆိုရင် ဖုန်းဟာ

Reboot ကျသွားမှာပါ..ပါဝါပြန်တက်လာရင်လာ ဖုန်းဟာ CWM Recovery သွင်းပြီးဖြစ်နေပါလိမ့်မည် ။

ထို့နောက် အပေါ်မှာပဲ ပေးထားတဲ့အထဲက CWM  Super SU ကို ဖုန်းရဲ့ SD ကဒ်ထဲထည့်ပါ ။ ထို့နောက်

ဖုန်းကို CWM Recovery ထဲသို့ ဝင်ပေးပါ..ဝင်နည်းကအပေါ်မှာပြောပြထားပါတယ်..အခုလည်းထပ်ပြောမယ်

နော်..ဖုန်းကိုပါဝါဖွင့်လျှက်ပဲ ကွန်ပျူတာ နဲ့ချိတ်ပါ။။ပြီးရင် ကွန်ပျူတာရဲ့ Start Bar မှာ cmd လို့ ရိုက်ပြီး  Enter ခေါက်လိုက်ပါ cmd ဘောက်ကြလာရင် adb reboot  recovery လို့ ရိုက်ပြီး Enter ခေါက်ပါ ဖုန်းက

Recovery ထဲရောက်သွားပါမယ်.အဲလို ဆိုရင် Recovery ထဲမှ

Install zip from sdcard>

Choose zip from sdcard>

CWM Super SU.zip ကိုရွေးပေးပါ..သူက install ယူသွားပါ့မယ်..

ပြီးရင်သွားရင်ထုံးစံအတိုင်း Reboot system now ကိုရွေးပေးပါ..ဒါဆို ဖုန်းက reboot ကျပြီးပါဝါပြန်တက်လာရင် အဆင်ပြေသွားပါပီခင်ဗျ..

# How to root Galaxy Ace 2

Galaxy Ace 2 ကို Root ဖို့ အတွက် လိုအပ်တာလေးတွေဒေါင်းထားပါ

1. Driver
2. Odin
3. Root File

သူကလည်းနည်းနည်းတော့ထူးဆန်းတယ်. ဘာလို့ လဲဆိုတော့ပုံမှန် Samsung တွေကို Root ဖောက်မယ်ဆို

ရင် Odin နဲ့မဟုတ်ရင် SD ကဒ်ထဲကို update.zip ထည့်ပြီးတော့ install ယူရတာနော်..အခုကြတော့တလွဲ.

ကွန်ပျူတာမှာ Odin လည်းအဆင့်သင့်ဖြစ်ပြီလို့ ယူဆပါတယ်.ပြီးတော့ Driver လည်းရှိနေလောက်ပါပြီနော် ။

အဲဒီလိုဆိုကျွန်တော်ပေးတဲ့ဖိုင်ကိုဒေါင်းလော့ဆွဲလိုက်ရင်အဲဒီမှာ ဖိုင် နှစ်ခုထွက်လာမှာပါ. ပထမတခုက root ဖိုင် ဒုတိယ တခုက upd.zip ဖိုင်ပါ..လုပ်နည်းကရှင်းပါတယ်....

ဖုန်းရဲ့ SD ကဒ်ထဲကို upd.zip ဖိုင်ကိုထည့်ထားပါ ။

ပြီးရင် ဖုန်းမှာတက်ထားပြီးတော့ ဖုန်းကို Downloading mode သို့ ဝင်ထားပေးပါ..ခလုတ်ကအောက်မှာပါ.

Volume Down & Home ( OK) & Power ခလုတ်ကိုဖိပေးထားပါ ။ အောက်ကပုံလေးလို ပေါ်လာရင် downloading mode သို့ ရောက်ပါပြီ




ဖုန်းဟာ Downloading mode သို ဝင်ပြီးသွားလျှင် ကွန်ပျူတာနဲ့ ချိတ်ပါ ။ ထို နောက် Odin ၏ PDA အကွက်တွင် root ဖိုင်ကိုထည့်ပါ. ထို့ နောက် Start ကို နှိပ်၍ လုပ်ငန်းစဉ် စတင်လို့ ရပါပြီ ။

Odin မှ PASS ဖြစ်သွားလျှင်ဖုန်းကို Recovery ထဲသို့ ဝင်ပေးပါ..

Volume Up & Home ( OK) & Power ခလုတ်သုံးခုဖိပေးထားပါ...ဖုန်းက Recovery ထဲရောက်လျှင်

Install zip from sdcard

Choose zip from sdcard

Upd.zip ကိုအဆင့်လိုက်ရွေးပေးသွားပါပြီးရင်ရင်

++ go back ++ ကိုရွေးပေး၍ အပြင်ကိုပြန်ထွက်ပါ.အပြင်သို့ ရောက်လျှင်

Reboot system now ကိုရွေးပေးလိုက်ပါ

ပါဝါပြန်ပွင့်လာရင် Galaxy Ace 2 ကိုအောင်မြင်စွာ Root ဖောက်လို့ ပီးသွားပါပြီခင်ဗျ ။

# How to root Galaxy Gio

Galaxy Gio  ကို Root ဖောက်ဖို့ အတွက် လိုအပ်တဲ့ ဖိုင်လေးတွေကိုဒေါင်းလော့ယူပါ ။

1. Update.zip

ဒီလောက်ဆိုရင်သိပြီနော်..Odin မသုံးထားဘူးဆိုရင်ကျွန်တော်တို့ ဟာတနည်းပဲကျန်ပါတော့တယ်

အဲဒါကတော့ update.zip ကို SD ကဒ်ထဲကိုထည့်ပြီးတော့ recovery ထဲကနေ install ယူတာလေ..ခိခိ.

Update.zip ကို ဖုန်းရဲ့ SD ကဒ်ထဲထည့်ပေးပါ ။ ပြီးရင် ဖုန်းကို recovery ထဲဝင်ပေးပါ..

Volume Up & Home & Power ခလုတ်တွေနဲ့ ပါ..

Recovery ထဲသို့ ရောက်လျှင် ထုံးစံအတိုင်း

Install zip from sdcard >

Choose zip from sdcard >

Update.zip ကိုရွေးပေးပါ.ပြီးရင်တော့ ++go back++ နဲ့ ပြန်ထွက်ပြီးတော့

Reboot system now ကိုရွေးပေးပေါ့နော်.

ပါဝါပြန်ပွင့်လာရင် Root ပေါက်သွားပါပြီ




အပေါ်ကပုံကိုကြည့်ပါ..အဲဒီမှာအပေါ်ဆုံးစာတန်းက Android Sysetm Recovery လို့ ရေးထားတယ်..

ဖုန်းဟာ CWM Recovery လား  Recovery လားဆိုတာအဲဒီမှာပေါ်နေပါတယ်.အခုလိုစာဆိုရင်တော့ ပုံမှန် ဖုန်းတွေမှာ Original ပါတဲ့ Recovery ပါ..အဲဒီစာနေရာမှာ CWM Recovery 5.0.3.6 တို့ ဘာတို့ ဆိုရင်တော့

CWM Recoveryပါ..ပြီးတော့ သူ့ မှာပထမစာတန်းက

1. Reboot system now
2. Apply update from sdcard
3. Wipe data factory reset
4. Wipe cache partition ပါ

လုပ်ဆောင်ချက်တွေက

1 . က မိမိတခုခုလုပ်ပြီးရင် ပါဝါပြန်ဖွင့်ရမှာလေ..အဲဒီအတွက်ပါ (တခုခုဆိုတာက Install ယူတာတို့ Factory reset ချတာမျိုးတွေ ပြီးသွားရင်ဒီကောင်လေးကိုရွေးပြီးပြန်ထွက်ရမှာပါ )

2 . ကမိမိ ဖုန်းထဲမှာရှိတဲ့ SD ကဒ်ထဲကိုသွားတာပါ..ဒုတိယ ပုံကိုကြည့်ပေးပါ.အဲဒီမှာကျွန်တော် SD ကဒ်ထဲထည့်ထားတဲ့ update.zip ပါ..အဲဒါကို install ယူတာပါ..

3 . ကတော့ လူတိုင်းသိမှာပါ..အဲဒါက Factory Reset ချတာပါ..အဲဒါချလိုက်ရင် ဖုန်းမှာရှိတဲ့ Data အားလုံးပျက်ပါမယ် (ပြီးတော့ Screen Lock ပါပျက်ပါမယ် )

4 . ကလည်း 3 နဲ့ အတူတူပါပဲ.3 နဲ့ 4 ကို အတူတူ တွဲလုပ်ရမှာပါ.3 ပြီးရင် 4 ကိုလည်းထပ်လုပ်ရပါတယ်.

အားလုံးပြီးသွားရင် ပါဝါပြန်ဖွင့်ဖို့ အတွက်ဖုန်းကို reboot ချရပါတယ် အဲဒီအခါ 1 က reboot system now ကိုရွေးပေးရပါတယ် အဲဒါမှ ဖုန်းကပါဝါပြန်ဖွင့်လာမှာပါ..

(ကျွန်တော်အပေါ်မှာရေးထားတွေ သတိထားမိမယ်ထင်ပါတယ် Recovery ထဲမှာ နံပါတ် 1 အကြောင်းက တူတယ်.မတူတာက နံပါတ် 2 အကြောင်း ဓါတ်ပုံမှာက Apply update from sdcard တဲ့

ကျွန်တော်ရေးထားတာက install zip from sdcard တဲ့..ဟုတ်ကဲ့အဲလိုမျိုးလည်းကွဲပါတယ်..ဒါပေမယ့် ဘာမှမဖြစ်ပါဘူးအတူတူပါပဲ...)

# How to root galaxy y

Galaxy y ကို Root ဖို့ အတွက် ပုံမှန်အတိုင်းပဲ ဒေါင်းလော့ဖိုင်ကို ဒေါင်းလိုက်ပါ. အဲဒီအထဲမှာ update.zip

တခုတည်းပဲပါ ပါတယ်..သိနေပြီမလား update.zip ကိုဘယ်လိုသုံးလဲဆိုတာလေ..

Updatea.zip ကို SD ကဒ်ထဲ ထည့်ပြီးတော့ ဖုန်းထဲမှာထည့်ထားပါ ။

ဖုန်းကိုပါဝါပိတ်ပါ ။ ထို့ နောက် ဖုန်းကို Recovery ထဲသို့ ဝင်ပေးပါ ။ Volume Up & Home & Power

ခလုတ်သုံးခုပါ..ဒါဆိုရင်အောက်ကပုံလေးကိုစမြင်ရမှာပါ










ပြီးရင် Next သာသွားပါ..နောက်ဆုံးရောက်ရင် Finish ကိုနှိပ်ပေးပါ..ခဏနေရင်ဖုန်းက Reboot

ကျသွားပါမယ်.ပါဝါပြန်တက်လာရင် Root ပေါက်ပါပြီခင်ဗျ.

# How to root galaxy S GT-I9000

Galaxy S GT-I9000 ကို Root ဖို့ အတွက် လိုအပ်တာလေးတွေ အရင်ဒေါင်းပေးထားပါ။

1. Odin
2. Driver
3. Root File

ကျွန်တော်ပေးတဲ့ဒေါင်းလော့လင့်တွေထဲမှာ Odin ပါလာပြီဆိုရင်သေချာပါပြီး.ဖုန်းကိုသေချာပေါက် Downloading mode သို့ ဝင်ပေးရမှာပါ. ဘယ် Samsung မဆို Odin နှင့်တွဲသုံးလျှင် Downloading mode

သို့ ဝင်မှာသာရမည်ဖြစ်ပါသည်..Root file ကိုဒေါင်းလော့ဆွဲ ပြီးတော့ဇစ်ဖြည်လိုတ်ရင် အထဲမှာ .tar ဖိုင်လေးတခုထွက်လာမှာပါ အဲဒီ .tar ဖိုင်ကို Odin ရဲ့ PDA အကွတ်မှာထည့်ပေးပါ.

ဖုန်းကို Volume Down & Home & Power ခလုတ်တွဲဖိပေးထားပါ



ပုံ 1 လိုပေါ်လာရင်ဖိထားတဲ့ လက်ကိုလွှတ်ပြီးတော့ Volume Up ကိုတချက်တည်းဖိပေးပါ

ဒါဆိုရင် downloading mode သို့ ရောက်ပါပြီ

ပြီးလျှင် Comupter နှင့်ချိတ် ပေးထားပါ..Odin မှာ မိမိဖုန်းကိုသိပြီ ဆိုရင်တော့ PDA အကွက်မှာ

Root file ကိုထည့်ပါ..ပြီးရင် Start ပေါ့..




အဲဒီမှာ အနီဝိုင်းလေး ဝိုင်းပေးထားပါတယ် အဲဒါကတော့ ဖုန်းနဲ့ ကွန်ပျူတာနဲ့ချိတ်လိုက်ပြီဆိုရင် Odin ကနေ

ဖုန်းကို သိပြီဆိုတဲ့ သင်္ကေတ ပါ..အဲဒီအနီဝိုင်းလေးမှာ ဘာအရောင်မှမပေါ်ဘူးဆိုရင် တခုခုလွဲနေပါပြီ

USB ကြိုး မကောင်းတာလား ကွန်ပျူတာမှာ Driver မရှိတာလားတခုခုပေါ့။ USB ကြိုးလည်းကောင်းတယ်

Driver လည်းရှိတယ်ဆိုရင်တော့ သေချာပါတယ်..အဲလိုလေးအနီဝိုင်းလေးထဲကလိုဖြစ်နေမှာပါ..ဒါဆိုအိုကေပါ

ပြီ ။ ပြီးရင် Start နှော်...



Odin3 v3.04
Odin3 Model Name :)
CACHE
ID:COM
0:[COM5]
Option
Auto Reboot
Re-Partition
F. Reset Time
Flash Lock
LED Control
Dump
AP RAM
Phone Bootloader Update
Phone EFS Clear
Message
<ID:0/005> Odin v.3 engine (ID:5)..
<ID:0/005> File analysis..
<ID:0/005> SetupConnection..
<ID:0/005> Initialzation..
<ID:0/005> Get PIT for mapping..
<ID:0/005> Firmware update start..
<ID:0/005> cache.img
Re-Partition
PIT
Files [Download]
Bootloader
PDA
H:\Android\CWM Recovery\Note2 N7100\cwm6-root-n7100.tar
PHONE
CSC
UMS
File [Dump]
Open
Start
Reset
Exit




Odin3 v3.04
Odin3 Model Name :)
PASS!
ID:COM
0:[COM34]
Option
Auto Reboot
Re-Partition
F. Reset Time
Flash Lock
LED Control
Dump
AP RAM
Phone Bootloader Update
Phone EFS Clear
Message
<ID:0/005> RES OK !!
<ID:0/005> Completed..
<ID:0/005> Added!!
<OSM> All threads completed. (succeed 1 / failed 0)
<ID:0/005> Removed!!
<ID:0/034> Added!!
<ID:0/034> Removed!!
<ID:0/034> Added!!
Re-Partition
PIT
Files [Download]
Bootloader
PDA
H:\Android\CWM Recovery\Note2 N7100\cwm6-root-n7100.tar
PHONE
CSC
UMS
File [Dump]
Open
Start
Reset
Exit

အပေါ်က ပုံက အလုပ်လုပ်နေတာပါ..ဒုတိယ ပုံက အောင်မြင်သွားတာဒါဆို ဖုန်းကို ကွန်ပျူတာကနေဖြုတ်လို့ ရ ပါပြီ ။




ဒါဆို မအောင်မြင်ဘူး ဒါမျိုးကဖြစ်တက်ပါတယ်..ဒေါင်းလော့ဖိုင်မှားတာတို့ . မိမိ ဖုန်းကို Odin နဲ့ တွဲသုံးနေတဲ့အချိန် ကွန်ပျူတာက ဟမ်း ပြီးတော့ Odin ကိုအလုပ်မလုပ်တော့တဲ့အခါမျိုးတို့ . ဒါမှမဟုတ် ဖုန်းမှာချိတ်ထားတဲ့ USB ကြိုးကလွတ်သွားတာမျိုးပေါ့..အဲလိုအလုပ်လုပ်နေရင်းမှာ Fail ဖြစ်သွားရင်ဖုန်းဟာ

ပါဝါလည်းပြန်မတက်တော့ပါဘူး ။ ပြီးတော့အထဲမှာရှိတဲ့ data တွေအကုန်ပျက်သွားမှာပါ..အဲဒီလိုလေးတွေ ရှိတက်တဲ့အတွက်နည်းနည်းလေးတော့သတိထားပေးစေချင်ပါတယ်..Fail ဖြစ်သွားလို့ ဖုန်းက ပါဝါပြန်မတက်လာတော့ရင် အဲဒီဖုန်းကို Offical Firmware ပြန်တင်ရပါတော့မယ်.။ စိတ်ဓါတ်ကျမသွားနဲ့ ဒါတွေကဖြစ်တက်ပါတယ် ။ ကျွန်တော်ဆို ဘယ်နှလုံးမှန်းတောင်မသိတော့ဘူး။အဓိက က အဲဒီ ဖုန်းအမျိုးအစားအတွက် Offical Firmware ရှိနေဖို့ ပါပဲ။ ဒါဆို ရဲရဲသာလုပ် ပျက်လည်းဘာမှမဖြစ်ဘူး ။ ပြန်တင်လိုတ်ပေါ့။ Odin မှာ PASS ဖြစ်သွားရင် ဖုန်းကို ကွန်ပျူတာ နဲ့ ချိတ်ထားရာကနေဖြုတ်လိုတ်ပါ ပြီးရင် မိမိဖုန်းထဲမှာ SuperUser ပုံလေးမြင်တွေ့ ရမှာပါ.ဒါဆို အိုကေသွားပါပြီ။

# How to root galaxy S Plus GT-I9001

Galaxy S Plus GT-I9001 ကို Root ဖို့အတွက် လိုအပ်တာလေးတွေ ဒေါင်းပေးထားပါ

1. Odin
2. Driver
3. CWM File
4. CWMSuper SU

ကျွန်တော်ပေးတဲ့အထဲမှာ Odin လည်းပါ ပါတယ်..ပြီးတော့ CWM လည်းပါပါတယ်.ပြီးတော့ CWMSuper SU

လည်းပါ ပါတယ်။ (ကျွန်တော်ပြောချင်တာကလေ..ဖြတ်ထိုးဉာဏ်လေး သုံးပေးဖို့ပါ..ကျွန်တော်ဆို ရင် သူ့အတွက် Root ကိုရှာတာ ပေါ်..ကိုယ်ကဘာမှမသိတော့လေ..အဲဒါနဲ့ နောက်ဆုံးကြတော့ စဉ်းစားမိပြီးတော့ ဖုန်းကို CWM တင်တယ်ပြီးမှာ CWM Super SU နဲ့ install ယူလိုတ်တယ်..အဲဒီနည်းက CWM ရှိတယ့်ဘယ်ဖုန်းမဆို ရပါတယ် ) CWMSuper SU ကို ဖုန်းရဲ့ SD ကဒ်ထဲထည့်ပေးထားပါ ။ ဖုန်းကို Downloading Mode သို့ ဝင်ပေးပါ ။ ထို့ နောက် ကွန်ပျူတာနှင့်ချိတ်ပါ Odin မှာ ဖုန်းကိုသိပြီဆိုရင် PDA အကွတ်မှာ CWM File ကိုဇစ်ဖြည်လို့ ရလာတာကို ထည့်ပေးပါ..ပြီးရင် Start ပေ့ါ...PASS ဖြစ်ရင် ကွန်ပျူတာကနေဖြုတ်လိုတ် ဖုန်း က ပါဝါပွင့်သွားမှာပါ..အဲဒီအခါ Recovery ထဲသို့ ဝင်ပေးပါ.

Voluem Up & Home & Power ခလုတ်သုံးခုကိုဖိပေးထားပါ..Recovery ထဲရောက်လျှင်

Install zip from sdcard > choose zip from sdcard >cwmsuper su.zip ကို install ယူလိုတ်ပါ

ပြီးလျှင် ++go back++ ကိုရွေးပေး၍ အပြင်ကိုပြန်ထွက်ပါ..ပြီးလျှင် reboot system now ကိုရွေးပေးပါ

ပါဝါပြန်ပွင့်လာရင် Super SU Icon လေးကိုမြင်ရမှာပါ...။

ပုံနဲ့ မပြတော့ဘူးနော် ဘာလိုလဲဆိုတော့ Samsung တွေမှာ Odin သုံးနည်းကအတူတူပဲလေ.

အဲဒါမို့ ပါ။။။

# How to root galaxy SL GT-I9003

Galaxy SL GT-I9003 ကို Root ဖို့ အတွက် Super One Click 2.3.3 နဲ့ Root လို့ ရပါတယ်..




လွယ်လွယ်လေးပါ SuperOne Click ကိုမသုံးချင်ပဲနဲ့ Odin နဲ့ တွဲသုံးချင်ပါတယ်ဆိုရင်တော့ အောက်မှာကနောက်တမျိုးပါ..

1. Odin
2. Driver
3. CF-Root File ( http://forum.xda-developers.com/showthread.php?t=1331253 )

အဲဒီမှာ Root လုပ်ဖို့ ဖိုင်တွေအများကြီးပါ..အကုန်လုံးပေးထားပါတယ်..မိမိကြိုက်တာတခုကိုဒေါင်းပါပြီးရင် ဒေါင်းလို့ ရလာတာကို Odin ရဲ့ PDA မှာထည့် ထားပါ..ဖုန်းကတော့ Downloading mode ဝင်ထားရမှာနော်..

ပြီးရင် Start ပေါ..ပါဝါပြန်တက်လာရင် အိုကေပါပြီ...

ကျွန်တော်သုံးတာက ဒီကောင်လေးပါ...( http://www.mediafire.com/?mnitf4aj2hv908d )

အဲဒါလေးကို PDA မှာထည့်ပြီး တော့ Start လိုက်တာပဲ..

# How to root galaxy S Advance GT-I9070

Galaxy S Advance  GT-I9070 ကို Root ဖို့ အတွက်ပေးထားတဲ့ဒေါင်းလော့လင့်ကိုဒေါင်းလော့ယူပါ

ပြီးရင်းရလာတာကိုဇစ်ဖြည်လိုက်ပါ ။

1. Odin
2. Driver
3. Root File

ဒါဆို သိလောက်ပြီနော်...ကျွန်တော်ကစာမေးရတာဝါသနာပါတယ်ဗျ..ထားပါတော့ ကျွန်တော်ပေးတဲ့အထဲမှာ

Odin ပါလာပြီဆိုရင် ဖုန်းကို Downloading mode သို့ ဝင်ပေးရမှာပါ ။ ကျွန်တော်ပေးတဲ့ဖိုင်ထဲမှာ update.zip

ပါလာရင် ဖုန်းကို Recovery ထဲဝင်ပေးရမှာပါ..မှတ်မိပြီထင်ပါတယ်..(ပြောချင်တာလေးတခုက ဖြတ်ထိုးညာက်

လေးသုံးပေးဖို့ ပါ )

ဖုန်းကို Volume Down &  Home & Power ခလုတ်သုံးခုဖိပေးထားပါ..အဲဒီအခါစခရင်မှာစာတန်းတွေထွက်

လာမှာပါ. Downloading mode သို ့ ဆက်သွားရန်အတွက် Volume Up နှင့်..ပါဝါပြန်ပွင့်ရန်အတွက် Volume Down ကိုနှိပ်ပါတဲ့.ကျွန်တော်တို့ က Downloading mode သို ဝင်မှာဖြစ်တဲ့အတွက် ဆောနက ဖိထားတဲ့ခလုတ်လေးတွေကို လွှတ်ပြီးတော့ Volume Up ကိုတချက်တည်း နှိပ်ပေးပါ..ပုံတော့ မပြတော့ဘူး

နော်..လုပ်နည်းတွေကအပေါ်မှာအလျှင်းသင့်ရင် သင့်သလိုပြောပြနေတာမိုလေ...

ဖုန်းမှာDownloading mode သို ဝင်ပြီးပီဆိုရင်တော့ ကွန်ပျူတာနဲ့ ချိတ်ပါ ထို့ နောက် Odin မှာဖုန်းကိုသိပြီဆိုရင်တော့ Odin ရဲ့ PDA မှာ Root File ကို ဇစ်ဖြည်ပြီးတော့ထည့်ပေးပါ..ထိုနောက်

Start ကိုနှိပ်ပေးပါ..PASS ဖြစ်သွားလို ပါဝါပြန်ပွင့်လာရင်တော့ ဖုန်းက Root လည်းပေါက်သွားတဲ့အပြင်

CWM Recovery လဲတခါတည်းပါပြီးဖြစ်နေပါလိမ့်မည် ။

# How to root Galaxy S2 GT-I9100

Galaxy S2 GT-I9100 ကို Root ဖို့ အတွက် လိုအပ်တာလေးတွေ ဒေါင်းပေးထားပါ ။

1 . Odin

2 . Driver

3 . Root File ( CWM Recovery & Root )

အဲလောက်ဆို ကျွမ်းနေပြီမလား။ Odin ပါတယ်နော်..ဒါဆို ဖုန်းကိုအရင်ဆုံး Downloading mode သို့ ဝင်ပေးပါ ။ Volume Down & Home & Power ခလုတ်သုံးခုနဲ ပါ..ပြီးရင် Screen မှာ အောက်ကပုံလေးတွေပေါ်လာရင်ဖိထားတဲ့လက်ကိုလွှတ်ပြီးတော့ Volume Up ကိုတချက်တည်းဖိပေးထားပါ..ဒါ ဆို ..ဒိုကေ...



ဖုန်းကလည်း Downloading  mode သို့ ရောက်ပြီ ပြီးရင်တော့ ကွန်ပျူတာမှာချိတ်ပါ.။ ထို့ နောက် Odin ရဲ့ PDA အကွက်မှာ ကျွန်တော်အပေါ်မှာပေးထားတဲ့ ဖိုင်လေးကိုဇစ်ဖြည်ပြီးတော့ထည့်ပေးပါ.အဲဒါက Root ရော cwm recovery ရော တပါတည်း ပါပီးသားပါ..ပြီးရင် Start ကို နှိပ် PASS ဖြစ်သွားရင် ဖုန်းကိုဖြုတ်ပြီးတော့ ဖုန်းကပါဝါပွင့်သွားမယ် ။ အဲဒီအခါ ပြန်စစ်လိုတ် ဖုန်းက Root လည်းပေါက်သွားပီဖြစ်ပါတယ် ။

# How to root Galaxy S2 GT-I9100G

Galaxy S2 GT-I9100G ကို Root ဖို့ အတွက် လိုအပ်တာလေးတွေခေါင်းပေးထားပါ

1. Odin
2. Driver
3. CWM File
4. CWM Super SU

CWM Super SU.zip ကိုဖုန်းရဲ့  SD ကဒ်ထဲမှာထည့်ပေးထားပါ ။ ပြီးရင် ဖုန်းကို Downloading mode သို့ ဝင်ပေးပါ.. ( Volume Down & Hoem & Power )  ပြီးရင်အဲဒီဖိထားတာလေးတွေကိုလွှတ်ပြီးတော့ Volume Up ကိုတချက်တည်းဖိပေးပါ ။ ဖုန်းက Downloading mode သို့ ရောက်ပြီဆိုရင် ကွန်ပျူတာနဲ့ ချိတ်ပါ။ Odin မှာဖုန်းကိုသိပြီဆိုရင်တော့ PDA မှာ CWM file ကိုထည့်ပါ ပြီးရင် Start ကိုနှိပ်ပါ .PASS ဖြစ်သွားရင်တော့ ဖုန်းက CWM သွင်းပြီးဖြစ်မှာပါ ။ ထို အခါဖုန်းကပါဝါ ဖွင့်၍ သော်လည်းကောင်း ပါဝါပိတ်၍ သော်လည်းကောင်း (မမ နစ်သက်သည့်နည်းဖြင့် )  Recovery ထဲဝင်ပါ ။ ထို ့နောက်  Recovery ထဲရောက်လျှင်

Install zip from sdcard

Choose zip from sdcard

CWM Super SU > Yes.Install cwmsuper su.zip ကိုရွေးပေးပါ..

ပြီးရင် ++go back++ ကိုသွားရင်အပြင်ကိုပြန်ထွက်ပါ

Reboot system now ကိုထပ်ရွေးပေးပါ ပါဝါပြန်တက်လာရင်အောင်မြင်စွာ Root ပြီးပါပြီ ။

# How to root Galaxy S3 Mini GT-I8190

Galaxy S3 Mini GT-I8190 အတွက် Root ရယ်လို့ တော့ ကျွန်တော် မသိသေးပါဘူး.တခုတော့ရှိတယ် အဲဒါကလည်းအဆင်မပြေဘူး အွန်လိုင်းမှာလည်းမတွေ့ ဘူးဒါပေမယ့်.သူ့ အတွက် Offical Rooted Firmware တော့ရှိတယ်..အဲဒါက ဘာကွာလဲဆိုတော့ Offical Firmware ပြန်တင်လိုတ်တာနဲ့ Root ပါ ပါ ပြီးသားပါ အဲဒါက Rooted Firmware လို့ ခေါ်ပါတယ်..ကျွန်တော်ဆို S3 Mini ကိုခေါင်းအကိုက်ခံပြီးတော့ဖောက်မနေ တော့ဘူး Offical Rooted Firmware 4.1.1 ကို Odin နဲ့ တွဲတင်ပေးလိုတ်ပါ။ ဒါဆို Root ပါ ပေါက်ပြီးသားပါ.. အဲဒါကို Offical  Firmware တင်နည်းမှာ ဖော်ပြပေးသွားပါ့မယ်. ။

# How to root Galaxy S3 GT-I9300

Galaxy S3 GT-I9300  ကို Root ဖို့ အတွက် လိုအပ်တာလေးတွေ ဒေါင်းပေးထားပါ

1. Odin
2. Driver
3. Root File

ဖုန်းကို Downloading mode သို့ ဝင်ပေးပါ။ ( Volume Down & Home & Power ) ကိုဖိပေးထားပါ.အောက်ကပုံ 1 လိုပေါ်လာရင် ဖိထားတဲ့လက်များကိုလွှတ်ပြီးတော့ Volume Up ကို တချက်တည်းဖိပေးပါ




Downloading mode သို့ ရောက်ပြီဆိုရင် ဖုန်းကို Odin နဲ့ ချိတ်ပါ ။ Odin မှာ ဖုန်းကိုသိပြီဆိုရင် Odin ရဲ့ PDA အကွက်မှာ အပေါ်ကခေါင်းလို့ ရလာတဲ့ Root file ကို ဖစ်ဖြည်ပြီးတော့ ရလာတဲ့ အထဲက .tar ကိုထည့် ပေးပါ ။ ပြီးရင် Start ကိုနှိပ်ပေးပါ..ထုံးစံအတိုင်း ပေါ..PASS ဖြစ်သွားရင် အိုကေပါပြီ..ဖုန်းက Reboot ကျ သွားမှာပါ ပါဝါပြန်တက်လာရင် ဖုန်းက Root  ပေါက်ပြီးဖြစ်ပါလိမ့်မည်. ။

# How to root Galaxy Note N7000

Galaxy Note N7000 ကို Root ဖို့ အတွက် လိုအပ်တာလေးတွေ ဒေါင်းပေးထားပါ ။

1. Odin
2. Driver
3. Root file

ဖုန်းကို downloading mode သို့ ဝင်ပေးပါ။ Volume Down & Home & Power ခလုတ်သုံးခုကိုဖိပေးထားပါ

ထို့ နောက် Screen မှာ Volume up : Continue

Volume dwon : Cancle (restart phone)

ဆိုတာလေးပေါ်လာရင် ကျွန်တော်တို့ က Downloading mode ကိုဆက်သွားမှာဖြစ်တဲ့အတွက် Volume Up ကိုနှိပ်ပေးပါ ။ ဖုန်းက Downloading mode သို့ ရောက်လျှင် ကွန်ပျူတာနှင့်ချိတ်ပါ .Odin မှာ ဖုန်းကိုသိပြီဆိုလျှင် Odin ၏ PDA အကွက်တွင် အပေါ်မှာပေးထားတဲ့ Root file ကိုဖစ်ဖြည်၍ ထွက်လာတဲ့ .tar ဖိုင်ကိုထည့်ပေးပါ ။ ထို့ နောက် Start ကိုနှိပ်ပေးပါ..PASS ဆိုတဲ့စာတန်းပေါ်လာရင် ဖုန်းက reboot ကျသွားပါမယ် ။ ဖုန်းပါဝါ ပြန်တက်လာရင် မိမိဖုန်းကို Root အပြင် CWM Recovery ပါသွင်းပြီးဖြစ်မှာပါ ။

# How to root Galaxy Note 2 N7100

Galaxy Note 2 N7100 ကို Root ဖို့ အတွက်လိုအပ်တာလေးတွေ ဒေါင်းပေးထားပါ ။

1. Odin
2. Driver
3. Root file

ဖုန်းကို Downloading mode သို့ ဝင်ပေးပါ ။ Volume Down & Home & Power ခလုတ်သုံးခုကိုဖိပေးထားပါ

ထို့နောက် Screen မှာ Volume up : Continue

Volume dwon : Cancle (restart phone)

ဆိုတာလေးပေါ်လာရင် ကျွန်တော်တို့ က Downloading mode ကိုဆက်သွားမှာဖြစ်တဲ့အတွက် ဖိထားတဲ့ Volume Down & Home & Power ကိုလွှတ်၍ Volume Up ကိုနှိပ်ပေးပါ ။

ဖုန်းက Downloading mode သို့ ရောက်လျှင် ဖုန်းကို ကွန်ပျူတာနှင့်ချိတ်ပါ ။ Odin မှာ ဖုန်းကို သိပြီဆိုရင်

Odin ရဲ့ PDA မှာ အပေါ်က ပေးထားတဲ့ Root File ဇစ်ဖြည်ပြီးတော့ထွက်လာတဲ့ ဖိုင်ကို ထည့်လိုက်ပါ ။

ပြီးရင် Start ကိုနှိပ်ပါ . သိပ်မကြာခင်ပါ...PASS ဆိုတဲ့စာသာလေးတွေ့ ရပြီးတဲ့ နောက် ဖုန်းဟာ ပါပါကျသွားပါ

မယ် ပါဝါပြန်တက်လာရင် မိမိဖုန်းဟာ Root ပေါက်ပြီးဖြစ်သွားပါလိမ့်မည် ။

# How to root galaxy Tab 2, P3100,P3110,P3113

1. Odin
2. Driver
3. CWM Recovery file
4. CWM Super SU

Galaxy Tab P3100 , P3110 , P3113 ကလုပ်နည်းတူတော့ တွဲ ပြီးတော့ပဲ ရှင်းပြတော့မယ်နော် လုပ်နည်းပဲတူတာနော် ဖိုင်ကမတူဘူး။အပေါ်မှာပေးထားပါတယ် ။

ပြီးရင် Tab ကို ပါဝါပိတ်ပါ ။ ထို့နောက် Volume Down & Power ဖိပေးထား၍ Downloading mode သို့ဝင်ပးပါ ။ Downloading mode သို့ဝင်ပြီးပြီဆိုရင် ကွန်ပျူတာမှာ ချိတ်ပါ ။ ထို့နောက် ကွန်ပျူတာပေါ် တွင် Run ထားသော Odin တွင် Tab ကို သိပြီဆိုရင်တော့ Odin ၏ PDA အကွတ်တွင် အပေါ်မှာပေးထား သော ၊ မိမိ Tab နှင့်ကိုတ်ညီသော CWM Recovery File ကိုဖစ်ဖြည့်၍ ထည့်ပေးပါ။ ထို့နောက် Start ကိုနှိပ်ပေးပါ ။ Odin တွင် PASS ဖြစ်သွားလျှင် Tab နှင့် ကွန်ပျူတာနှင့် ချိတ်ထားတာကိုဖြုတ်ပေးပါ ။ ထို နောက် Tab က သူ့အလိုလို ပါဝါပွင်လာမှာပါ.ခဏစောင့်လိုတ်ပါ . ပြီးရင် အပေါ်တွင်ပေးထားသော CWM Super SU ကို Tab ၏ SD ကဒ်ထဲတွင် ဇစ်ဖိုင်အတွင်းထည့်ပေးပါ။ ထို့နောက် Tab ကို CWM Recovery ထဲသို့ဝင်ပေးပါ ။ ဝင်းနည်းက Tab ကို Power ပိတ်၍ Volume Up & Power ခလုတ်ဖိထားခြင်းဖြင့်သော်လည်းကောင်း ဖိပေးပါ ။ သို့မဟုတ် ။ Tab ကို ပါဝါဖွင့်၍ CMD Box က ပြုလုပ်သည်လည်းကောင်း CWM Recovery ထဲသို ဝင်နိုင်ပါသည် ။ CMD Box အသုံးပြုနည်းကို ကျွန်တော် ဟိုးအောက်ဆုံးတွင် ကျွန်တော်တက်သလောက် မှတ်သလောက် ။ လေ့လာမိသလောက် ကိုတင်ပြပေးပ့ါမည် ။

Tab က CWM Recovery ထဲရောက်လျှင်

Install zip from sdcard > choose zip from sdcard > cwm_super_su.zip ကို ရွေးပေးပါ

ထို့နောက် ++go back++ ရွေးပေး၍ အပြင်ကိုထွက်ပေးပါ. ထို့နောက် reboot system now ကိုရွေးပေးပါ အဲဒီလိုဆိုရင် tab ဟာပါဝါပြန်ပွင့်လာမှာပါ. ပါဝါပြန်ပွင့်လာရင် Root ပေါက်သွားပါပြီ..

# How to root Galaxy Tab 2, 10.1 P5100 , P5113

Galaxy Tab 2 , 10.1 မှာကလည်း P5100 နဲ့  P5113 နဲ့ ကလုပ်နည်းတူပါတယ်..ဖိုင်ကသာမတူတာပါ ။

အဲဒါမို့ တွဲပြီးတော့ဖော်ပြပေးလိုက်ပါတယ်..လိုအပ်တာလေးတွေ ဒေါင်းလော့ယူပါ

1. Odin
2. Driver
3. CWM Recovery file P5100
4. CWM Recovery file P5113
5. CWM Super SU

Tab ကို ပါဝါပိတ်ပါ.ထို့ နောက်  Volume Down & Power  ဖိပေးထားခြင်းဖြင့် Downloading mode  သို့ ဝင်ပေးပါ ။ Tab က Downloading mode သို့ ရောက်လျှင် ကွန်ပျူတာနှင့်ချိတ်ပါ Odin  တွင် Tab ကိုသိပြီဆိုရင် Odin ၏ PDA အကွတ်တွင် အပေါ်မှာပေးထားတဲ့  CWM Recovery ကိုထည့်၍ Start ကိုနှိပ်ပေးပါ

Odin ကအလုပ်ဆက်လုပ်သွားမယ်..ပြီးတော့  PASS  ဖြစ်သွားပြီဆိုရင် Tab ကို ကွန်ပျူနှင့်တွဲထားရာမှ ဖြုတ်ပေးပါ။ ထို့ နောက် Tab ၏ SD ကဒ်ထဲတွင် အပေါ်မှာပေးထားသော CWM Super SU ကို ဇစ်ဖိုင်အတိုင်း ထည့်၍ Tab ကို CWM Recovery ထဲဝင်ပေးပါ.. Volume Up & Power ခလုတ်ကို 10 စက္ကန့် ဖောက်ဖိပေး ထားပါ။ CWM Recovery ထဲရောက်လျှင်

Install zip from sdcard > choose zip from sdcard > cwm super su.zip ကိုရွေးပေးပါ

ထို့ နောက် ++go back++ ကိုရွေးပေး၍ အပြင်ကိုပြန်ထွက်ပါ ထို နောက်

Reboot system now ကိုရွေးပေးပါ ။။။ဒါဆို  Tab က ပါဝါပြန်ပွင့်လာမှာပါ..အဲဒီအခါ ကြည့်လိုက်ပါ

Root ပေါက်ပြီးနေတာကိုမြင်ရမှာဖြစ်ပါတယ်.

အခုဆိုရင် Galaxy Mini ကနေ ပြီးတော့ Galaxy Tab 2 10.1 P5113 အထိ Root ဖောက်နည်းနှင့်

Root ဖိုင်များကိုပြည့်ပြည့်စုံစုံ  ဖော်ပြပြီးဖြစ်ပါသည်.။ အဆင်ပြေလိမ့်မည်ဟုလည်းယူဆပါတယ်။

# 2.Huawei ဖုန်းများအား Root ဖောက်ခြင်း

Huawei တွေကို Root ဖောက်တဲ့ နေရာမှာ တကယ် ဝါသနာပါရင် တော်တော်မိုက်တယ်ဗျ.သူ က ကိုယ်တော်ရင် တော်သလို ကိုယ်တက်ရင်တက်သလို ကိုယ်ဉာဏ်ရှိရင် ရှိသလို ထွင်လို့ရပါတယ် . မြန်မာမှာ အဲလို ထွင်နေသူတွေ အများကြီးပါ. ကျွန်တော်လည်းလေးစားမိပါတယ်..ကျွန်တော်ကတော့ Huawei တွေကိုကြိုက်တယ်. ပြန်ကလိလို့ရလို့လေ..ဟုတ်ကဲ့ ကျွန်တော် Huawei တွေကို လက်လှမ်းမှီသလောက် (အစကနေအခု နောက်ဆုံးရောက်နေတဲ့အထိ) တင်ပြပေးသွားပါ့မယ် ။

1. U8500 ( z4root http://d-h.st/qQu ) & (Super One Click http://d-h.st/a74 )
2. U8660
3. U8650 ( http://d-h.st/nJs )
4. U8661
5. U8800
6. U8800Pro
7. U8810
8. U8818
9. U8520
10. U8860
11. U8812D
12. U8825D
13. U8836D
14. U8825-1
15. U8950D
16. U8950-1
17. U9200
18. U9200E
19. U9500

20. U8830 Pro
21. U8833 (Y300)
22. U8951 (G510)
23. C8500
24. C8650
25. C8800
26. C8812
27. C8812E
28. C8825D
29. C8950D
30. T8833 ( Y300)
31. T8951 (G510)
32. Y210T
33. Y220T

Huawei Driver ( http://d-h.st/ndC ) ( or )

Huawei Ddriver ( http://www.4shared.com/rar/JkGf-3YU/Huawei_Driver.html )

# How to root Huawei U8500&C8500&C8600

Huawei U8500 ကို Root ဖောက်ဖို့ အတွက် လိုအပ်တာကိုဒေါင်းပေးပါ

1. Z4root ( http://d-h.st/qQu )
2. SuperOneClick 2.1 ( http://d-h.st/a74 )

Z4root အသုံးပြုနည်း

အပေါ်က ဒေါင်းလော့လင့်ကို ဒေါင်းလော့ယူပါ ပြီးရင် ဇစ်ဖြည်လိုတ်ပါ အဲဒါဆိုရင် z4root.apk ထွက်လာမှာ

အဲဒီ apk ကို ဖုန်းမှာ install ယူပါ .ထို့ နောက်ဖွင့်လိုတ်ပါ..ပြီးရင် အောက်ကပုံကိုကြည့်ပေးပါ

ထို့ နောက်ပုံထဲကအတိုင်းလေး အနီဝိုင်းထားတာကိုနှိပ်ပါ.ခဏစောင့်လိုတ်ရင် ဒုတိယ ပုံလေးကိုဖြစ်သွားပါမယ်

ဒါဆို Root ပေါက်သွားပါပြီ ။



Super One Click အသုံးပြုနည်း

Super One Click ကို ဒေါင်းလော့ဆွဲပါ ထို့ နောက် ရလာတဲ့ ဖိုင်ကိုဇစ်ဖြည်လိုက်ပါ..ဇစ်ဖြည်လိုက်ရင်

ထွက်လာတဲ့ဖိုင်လေးတွေထဲမှာ ဒီပုံလေးထဲက ဆော့ဝဲလ်ကို ကွန်ပျူတာမှာ Run ပေးပါ ။

ပြီးရင်ဖုန်းကို ပါဝါဖွင့်လျှက် နဲ့ ကွန်ပျူတာမှာချိတ်ပေးပါ ။









အဲဒါက Super One Click အသုံးပြုနည်းပါ ။ Super One Click က Android 2.1 တော်တော်များများကို

အသုံးပြုလို့ ရပါတယ်. ကျွန်တော်ပြောချင်တာက ဖြတ်ထိုးဉာဏ်လေးသုံးဖို့ ပါ.ပြီးတော့ကလိတက်ဖို့ ပါ

ကျွန်တော် အဲလို ကလိလို့ Firmware သေသွားတဲ့ဖုန်းတွေ မနည်းတော့ပါဘူး ဒီဖုန်းမှာတော့မဖြစ်ပါဘူးအခြား

မော်ဒယ်မြင့်ဖုန်းတွေမှာ ပါ..(တော်ကြာကြောက်ပြီးမလုပ်မှာဆိုးလို့ လေ )

U8500,C8500,C8600 အတူတူပါပဲခင်ဗျ..လွယ်တာနော်...ဟီး

# How  to root Huawei U8660 & U8665

Huawei U8660 ကို Root ဖို့ အတွက်လို  အပ်တာလေးတွေ ဒေါင်းပေးထားပါ

1. Recovery ( http://d-h.st/6XC )
2. Update.zip ( http://d-h.st/4hV ) ( U8660 )
3. Update.zip ( http://d-h.st/nJs ) (U8665)

Recovery ဖိုင်ကိုဒေါင်းလော့ယူ၍ဇစ်ဖြည်လိုက်ပါ. အောက်က update.zip ကိုလည်းဒေါင်းလော့ယူ၍ ဖုန်း၏ SD ကဒ်ထဲတွင်ထည့်ပေးပါ ။ ဖုန်းအား ပါဝါပိတ်၍ Fastboot ဝင်ပေးပါ..အောက်ပုံကိုကြည့်ပါ ။ ဇစ်ကို ဒီလိုဖြည်ရပါတယ်..



ပြီးရင်ဖုန်းကို ဒီလို လုပ်ပီးတော့ Fastboot ဝင်ပေးပါ







အဲဒီလိုလေးပေါ်လာရင်ဖိထားတဲ့လက်ကိုလွှတ်လိုက်ပါ

အဲဒါဆိုရင် ဖုန်းက Fastboot ဝင်ပြီးဖြစ်ပါသည် ။ ထို့ နောက် အပေါ်တွင် ဇစ်ဖြည်ထားသောဖိုင်ကို ဖွင့်၍ U8660 Recovery အမည်ပါတာလေးကို Run လိုက်ပါ ။ (အောက်ကပုံလေးလိုပါ )




ပြီးရင် အောက်ကပုံလေး လိုပေါ်လာမှာပါ..




အဲဒီအချိန်မှာဖုန်းကို ကွန်ပျူတာနှင့် ချိတ်လိုက်ပါ..ပြီးရင် Enter ခေါက်လိုက်ပါ ..



အဲဒီလိုဆိုရင်ဖုန်းက Reboot ကျသွားပါမယ်..ဖုန်းပါဝါပြန်တက်လာရင် ပါဝါပြန်ပိတ်ပါ ။ ပြီးရင် ဓါတ်ခဲဖြုတ်ပါ ။ ပြီးရင် Volume Up & Power ခလုတ်ကိုဖိပေးထားပါ အပေါ်ကပုံ မျှားလေးတွေနဲ့ပြထားပါတယ် ။ အဲဒီအတိုင်းလုပ်ပါ...ဒီလိုမျိုး ပေါ်လာရင် ဖုန်းက Recovery ထဲရောက်ပါပြီ ။




အဲဒီလိုပုံလေးပေါ်လာရင် ဖိထားတဲ့လက်များကိုလွှတ်လို့ရပါပြီ ။ အဲဒါကို CWM Recovery လို့ခေါ်ပါတယ် ။ ပြီးရင် အပေါ်ကိုသွားဖို့အတွက်က Volume Up , အောက်ကိုသွားဖို့အတွက် Volume Down နဲ့ ရွေးပေးဖို့အတွက်က Power ခလုတ် တွေပဲဖြစ်ပါတယ် ။ ပြီးရင်

- install zip from sdcard
- choose zip from sdcard
- update.zip
- ပြီးရင် ဖုန်း Screen ရဲ့ Back Key ကိုနှိပ်၍ အပြင်ကိုပြန်ထွက်ပါ

အောက်ကပုံကိုဆက်ကြည့်ပေးပါ ။













Update.zip ကို ရွေးပေးပါ..ဒီဘက်က ပုံကတော့ Install ယူနေပုံပါ.

ပြီးရင် -reboot system now ကိုရွေးပေးပါ...ဒါဆို ဖုန်းက Reboot ကျသွားပါမယ်..ဖုန်းပါဝါပြန်တက်ရာရင်

Root ပေါက်သွားပါ ပြီ ။

# How to root Huawei U8650

Huawei U8650 နဲ့ Huawei U8660 နဲ့ က အတူတူပါပဲ..update.zip ဖိုင်ပဲကွဲသွားတပါ..ကျန်တာအတူတူပဲမို့ ထပ်မပြောတော့ဘူးနော်..

# How to root Huawei U8661

Huawei U8661 ကို Root ဖို့ အတွက် လိုအပ်တဲ့ဖိုင်လေးကိုဒေါင်းလော့ယူပါ ။

1. Huawei Driver
2. Super Root Tool ( http://d-h.st/RrK )

Driver ကို ကွန်ပျူတာမှာ Install ယူထားပါ အကယ်၍ ကွန်ပျူတာမှာ Driver ကရှိပြီးသားဆိုရင်တော့မလို တော့ဘူးပေါ့နော်..ပြီးရင်ဖုန်းကို ပါဝါပိတ်ပေးပါ ။ ဓါတ်ခဲပါဖြုတ်ပေးပါ ( Huawei ဖုန်းတွေကို Fastboot ဝင်မယ် ဆိုရင် (သို့ ) Recovery ဝင်မယ်ဆိုရင် ဓါတ်ခဲဖြုတ်တာအကောင်းဆုံးပါပဲ..10 စက္ကန့် လောက် ဖြုတ်ပေးထားပါ) ပြီးရင် ဖုန်းကို Volume Down & Power ခလုတ်ဖိပေးထားပါ ။ထို့ နောက်ဖုန်း က လိုဂိုမှာတင်ရပ်သွားပြီဆိုရင် Fastboot ထဲကိုရောက်သွားပြီဖြစ်ပါတယ် ။ အကယ်၍ ပါဝါပြန်ပွင့်သွားရင်ဖုန်းကို ဓါတ်ခဲပြန်ဖြုတ် ။ ပြီးတော့ ဓါတ်ခဲပြန်တက် . ပြီးရင် Volume Down & Power ခလုတ်ကိုပြန်ဖိထားပါ..






ပထမပုံက ဖုန်းကို Fastboot ဝင်ရင်ဖိရမယ့်ခလုတ်တွေကိုပြထားတာပါ ။ ဒုတိယ ပုံကတော့ဖုန်းက Fastboot ထဲကိုရောက်သွားပီဆိုရင် အဲဒီလို လိုဂိုမှာရပ်နေမှာပါ ။

ထို့ နောက်အပေါ်မှာပေးထားတဲ့ Super Root Tool ကို ကွန်ပျူတာပေါ်မှာ ဇစ်ဖြည်လိုက်ပါ..အဲဒီမှာ

install-superrecovery-windows.bat အမည်ပါတဲ့ ဖောင်လေးကို Run လိုက်ပါ ။ ဒါဆို အောက်ကပုံလေး

လိုဖြစ်လာမှာပါ..အဲဒီ cmd ဘောက်လေးပျောက်သွားရင် ဖုန်းကိုခါတ်ခဲဖြုတ်ပါ ..




ပြီးရင် ဖုန်းကို Volume Up & Power ခလုတ်တွဲဖိပေးထား၍ Recovery ထဲဝင်ပေးပါ..Recovery ထဲရောက်ရင် Reboot system now ကိုရွေးပေးပါ..ဖုန်းက ပါဝါ ကျသွားပါမယ် ။ ပါဝါပြန်တက်လာရင် ဖုန်းက Root ရပါပီ ။



# How to Root Huawei U8800

Huawei U8800 ကို Root ဖို့ အတွက် က Huawei U8500 နဲ့ အတူတူပါပဲ Super One Click နဲ့ ရပါတယ်..( တူနေတာတွေဆိုရင်မပြောတော့ဘူးနော်အဆင်ပြေမှာပါ..)

# How to Root Huawei U8800Pro

Huawei U8800Pro ကို Root ဖို့ အတွက် က သူများတွေလို မဟုတ်ပါဘူး သူ့ ကို recovery.img အရင်ချိန်းရပါတယ် ။ အဲလိုချိန်းပြီးမှ Root ဖောက်ရမှာပါ..လိုအပ်တာလေးတွေအရင်ဒေါင်းပေးပါ ။

1. Driver
2. Recovery File ( https://www.sugarsync.com/pf/D1633657_169_23037094 )
3. CWM Super Su ( http://d-h.st/eNO )

ဖုန်းကိုအရင်ဦးဆုံး Volume Down & Power ဖိထားခြင်းဖြင့် Fastboot ဝင်ပေးထားပါ ။ ထို့ နောက်

ကွန်ပျူတာ နှင့် ချိတ်၍ အပေါ်တွင်ပေးထားသော Recovery ဖိုဒါထဲမှာ Recovery.bat ဖိုင်ကိုဖွင့်ပါ

ပြီးရင် Enter တချက်ခေါက်ပေးပါ ..ပြီးရင်ပြီးက Reboot ကျသွားပါမယ် ပါဝါပြန်တက်လာင်ခဏ ထားပေးပါ။

ထို့ နောက် CWM Super SU ကို ဖုန်း ၏ SD ကဒ်ထဲသို့ ထည့်၍ ဖုန်းကို Recovery ထဲသို့ ဝင်ပေးပါ ။

Volume Up & Power ကိုဖိပေး၍ ဖုန်းက CWM Recovery ထဲရောက်လျှင်

Install zip from sdcard

Choose zip from sdcard

Cwm super su ကို install ယူပေးလိုတ်ပါ..ပြီးရင် ဖုန်းမှာပါတဲ့ Back key ကိုဖိ၍ အပြင်ပြန်ထွက်ပါ

ထို နောက့် reboot system now ကိုရွေးပေးပါ။ ဖုန်း က ပါဝါပြန်တက်လာရင် ကြည့်လိုတ်ပါ ..လုံးဝ

Root ပေါက်သွားပါပြီ..။။

# How  to Root Huawei U8810

Huawei U8810 ကို Root ဖို့ အတွက် ကတော့ Huawei U8661 နဲ့ အတူတူပါပဲ..

Super Root Tool နဲ့ ပဲလုပ်ရမှာပါ..။

# How to Root Huawei U8818

Huawei U8818 ကို Root ဖို့ အတွက် ဖုန်းကို အရင် Bootloader ဖြည်ရပါတယ် ။ ပြီးမှ Root ပါ..

သူ့ ကို Root နည်း က နှစ်မျိုးရှိပါတယ်.။ Super Root Tool  နဲ့ လုပ်လို့ ရပါတယ် ။  U8661  နဲ့ အတူတူ

ပဲလေ..နောက်တနည်းကတော့ Huawei U8818 နဲ့ Huawei C8812 အတွက် ဆိုပြီး Root Tool တခုထွက်

ထားပါတယ် ။ အဲဒီ Root Tool ကိုအသုံးပြုဖို့ အတွက် အရင်ဆုံးဖုန်းကို Fastboot ဝင်ပြီးတော့ (Volume Down & Power )  Root Tool မှာပါတဲ့ Bootloader နဲ့ Bootloader ဖြည်လိုက်ပါ  ။ အောက်ကပုံကိုကြည့်ပါ






အဲဒီ Bootloader ကိုနှိပ်လိုက်ရင် ဖုန်းက Bootloader ပြည်သွားမယ်.ပြီးရင် ပါဝါပြန်တက်လာမှာပါ

အကယ်၍ ပါဝါပြန်မတက်ခဲ့ရင် ဓါတ်ခဲ ဖြုတ်ပြီးတော့ ဓါတ်ခဲပြန်တက်ပါ .ပြီးရင် ပါဝါပြန်ဖွင့်ပါ။

ပြီးရင် ဆော့နက U8818 Root Tool ကိုပြန်ဖွင့်ပြီးတော့ Root ဆိုတဲ့အပေါ်ဆုံးက အကွတ်လေးကိုနှိပ်ပေး

လိုက်ပါ..ပြီးရင် အောက် က ကွန်းမန့် တွေ တက်လာမှာပါ..ခဏစောင့်လိုက်ပေးလိုက်ပါ




အဲဒီကွန်းမန့် ဘောက်က သူ့ ဘာသာသူ အလုပ်လုပ်သွားမှာပါ ..ပြီးသွားရင်ပျောက်သွားမှာပါ..အဲဒီလိုပျောက်

သွားရင် ဖုန်းရဲ့ App Menu List ထဲမှာ ကြည့်လိုက်ပါ.. Super User အရုပ်လေးတွေ့ မှာပါ .ဒါဆို Root

ပေါက်သွားပါပြီ ။။။။

# How to Root Huawei U8520

Huawei U8520 ကို Root ဖို့ အတွက်က  King Root PC နဲ့ လည်းရပါတယ်..

King Root PC ( https://www.sugarsync.com/pf/D1633657_169_23235066 )

ပြီးရင် Super One Click နဲ့ လည်းရပါတယ်..

Super One Click ( https://www.sugarsync.com/pf/D1633657_169_23238459 )

လုပ်နည်းကတော့ အပေါ်မှာတွေ ဖော်ပြပြီးဖြစ်နေလို့ မတင်ပြတော့ဘူးနော် .

# How to Root Huawei U8860

Huawei U8860 ကို Root ဖို့ အတွက်  က One Enter ပါ..အိပ်တာလေးတွေ ဒေါင်းပေးပါနော်

ဒါက သူ့ ရှိမူရင်းပါ..( http://www.mediafire.com/?70g2hj8obnzj20w )

ဒါက ကျွန်တော်ပြန်ပြင်ထားတာပါ (https://www.sugarsync.com/pf/D1633657_169_23389469 )

မိမိအဆင်ပြေတဲ့တခုကိုပဲဒေါင်းလော့ယူပါ ပြီးရင်ဖုန်းကို ပါဝါဖွင့်လျှက်နဲ့ ပဲကွန်ပျူတာနဲ့ချိတ်ပါ

ပြီးရင် ဒေါင်းထားတဲ့ဖစ်ကိုဖြည်ပြီးတော့ Enter တချက်ခေါက်ပေးပါ ။ ဒါဆို ဖုန်းက Reboot ကျပြီးပြန်တက်လာရင် Root ပေါက်သွားပါပြီ..



# How To Root Huawei U8830pro

Huawei U8830pro ကို Root ဖို့ အတွက်လိုအပ်တာလေးတွေဒေါင်းပေးထားပါ

ကျွန်တော် ဒီနည်းလမ်းလေးကို ရှာဖွေရင်းတွေ့ ရှိခဲ့တာပါ( ကျွန်တော်တီထွင်ခဲ့ခြင်းလုံးလုံးမဟုတ်ပါ)

သူ့ ကို လည်း Huawei U8812D,T8833,T8951 တွေလိုပဲ Root ဖောက်ရတာပါ..လိုအပ်တဲ့ဖိုင်ကဒီမှာပါ

လုပ်နည်းက အောက်မှာပုံတွေနဲ့ နော်.( http://bit.ly/Wj4XzT )

နောက်ထပ်တနည်းက ..ကျွန်တော်တို့ လူတော်တော်များများသုံးနေတာပါ..အဲဒါကတော့ Huawei T8620,

Huawei U8836D တွေကို Root ဖောက်နည်းနဲ့ တူပါတယ်..ဖုန်းမှာ Restore my data ကိုရွေးပေးရတာလေ..

လိုအပ်တဲ့ဖိုင်က အောက်မှာပါ..လုပ်နည်းက အတူတူပဲမို့ ..ထပ်မရှင်းပြတော့ဘူးနော်

( http://bit.ly/13eAdap )

Huawei C8812E က စလို့ နောက်မော်ဒယ်တွေမှာ ကုဒ်ပို့ မှ Root ရမယ်..ဆိုတာလေး ဖြစ်လာပါတယ်

အဲဒါတွေကတော့ Huawei C8812E,C8825D,U8825D,U8950D,C8950D,U8951(G510),

U8833(Y300) အဲဒီမော်ဒယ်လေးတွေကို Root ဖို့ အတွက် Huawei Offical Site ကို အချက်အလက်

တချို့ ပို့ ပေးမှ သူ တို့ ဘက်က ကုဒ်ပြန်လာပါတယ်.အဲဒီကုဒ်နဲ့ ဖုန်းကို Lock ဖြည်ရပါတယ်.။ Lock ဖြည်

ပြီးကာမှ ကျွန်တော်တို့ လိုချင်တဲ့  Root , CWM Recovery စတာတွေ တင်လို့ ရမှာပါ..။

အခု Huawei က ကုဒ်ပို့ ရဲ့ မော်ဒယ်တွေကို ကုဒ်ပို့ နည်းတွေကို ရောပြီးတော့ ရေးပြပေးပါ့မယ်..ကျန်တဲ့

အပိုင်းကတော့လွယ်တော့ မော်ဒယ်တခုခြင်းဆီရှင်းပြပါ့မယ် ။အရင်ဆုံး ကုဒ်ပို့ ဖို့ အတွက် ဘယ်ဖုန်းက

ဘယ်လို အချက်အလက်တွေ ပေးရတယ်ဆိုတာကိုဖော်ပြပေးပါ့မယ်.

IMEI ကတော့ ဖုန်းရဲ့  ဖုန်းခေါ်တဲ့ နေရာကနေပြီးတော့ *#06# လို့ ရိုက်လိုက်ပါ ။ ဒါဆို ဂဏန်းလေးတွေ

ကြလာမှာပါ  အဲဒီမှာ အပေါ်နဲ့ အောက်နဲ့ နှစ်တန်းထွက်လာမှာပါ.ကျွန်တော်တို့ က အပေါ်ကတ တန်းကိုပဲ

ယူပါမယ် ။  Product ID ကိုလည်းဖုန်းခေါ်တဲ့ နေရာမှာပဲ *#*#1357946#*#* ဆိုပြီးရိုက်လိုက်ပါ.ဒါဆိုရင်
ထပ်ကြလာမှာပါ..ဂဏန်း ( 8 )လုံးပါ




S/N Number ကိုတော့ ဖုန်းကို ဓါတ်ခဲဖြုတ်လိုက်ပါ။ အဲဒီဓါတ်ခဲထားတဲ့နေရာမှာကြည့်လိုက်ပါ...




ဒီပုံမှာအပေါ်ကအပိုင်က IMEI နော်..အဲဒီ IMEI နဲ့ ဖုန်းခေါ်တဲ့ နေရာကနေကြည့်တာကအတူတူပါပဲ

ပြီးတော့ အောက်က အပိုင်းကတော့ S/N Number ပါ..ဒီလောက်ဆိုရမယ်ထင်ပါတယ်.ဖုန်းတိုင်းအဲလိုပါပဲ..

ဒါက ဖုန်းမော်ဒယ်အလိုက် အချက်အလက်တွေပါ . ဥပမာ C8812E မှာဆိုရင် IMEI,ProductID,S/N,Email အကုန်လုံးကို Yes တွေပြထားပါတယ်..ဒါဆို ရင် အကုန်ဖြည့်ရမှာပါ  U8950D မှာဆိုရင် ProductID က Noဆိုတော့ U8950D, C8950D မှာ အချက်အလက်ပို့ တဲ့အခါ  Product ID မလိုပါဘူးး

| Model | IMEI | Product ID | S/N | Email |
|---|---|---|---|---|
| C8812E | Yes | Yes | Yes | Yes |
| C8825D | Yes | Yes | Yes | Yes |
| U8825D | Yes | No | Yes | Yes |
| C8950D | Yes | No | Yes | Yes |
| U8950D | Yes | Yes | Yes | Yes |
| U8833 (Y300) | Yes | Yes | Yes | Yes |
| U8951 (G510) | Yes | Yes | Yes | Yes |

အချက်အလက်တွေ ပို့ ဖို့ အတွက် ဒီဆိုဒ်ကိုသွားပါ

(http://www.huaweidevice.com/cn/servicePolicy.do?method=toApplyUnlock )

ဒီစာမျက်နှာကိုရောက်ရင် ပုံထဲကအတိုင်းဆင့်လိုက်လုပ်သွားပါ




ပြီးလို့ရှိရင် နောက်တမျက်နှာရောက်သွားမှာပါ..အဲဒီအခါရောက်ရင်လဲ ပုံလေးထဲကအတိုင်း ပဲလုပ်ပေးသွားပါ

အဆင်ပြေမယ်လို့ တော့ထင်ပါတယ်..ပုံကနည်းနည်းကြီးသွားတယ်..အဲဒါမှလည်းထင်ထင်ရှားရှားမြင်ရမှာ

မို ပါ ။ ဒါပေမယ့် နေရာတော့ တော်တော်ယူသွားတယ်.




ပြီးရင် အဲဒီမှာလိုအပ်တာလေးတွေ ဖြည့်ပါ..နောက်တမျက်နှာကအောက်မှာပါ..ဒီလိုလေးပေါ်လာရင် တော့မိမိတို့ ရဲ့ မေးထဲကို အနေနဲ့ အမြန်ကုဒ်ပြန်ပို့ ပေးပါလိမ့်မယ် ( Sunday ) မှာတော့ ကုဒ်ပို့ လို ရပါတယ်.ကုဒ်ပြန်မဝင်ပါ.. ကျွန်တော်ကတော့ @hotmail.com နဲ့ ပို တာပါ သူ ကပိုမြန်တယ်တခါတလေဆို 1နာရီလောက်အတွင်း ကိုကုဒ်က ပြန်ရောက်တယ်.. Gamil နဲ့တုန်းကတော့ တပတ်လောက်အထိ ပဲဟီး။



ဒီပုံက ကျွန်တော့ရဲ့ မေးထဲကို သူတို့ ကကုဒ်ပြန်ပို့လာတာပါ


首先感谢您对华为手机的支持。

您提交的信息如下：
手机型号：HUAWEI U8825D
MEID/IMEI：869451015452803
S/N：
Email：mr.chateauman@hotmail.com

151322721719432.

您的解锁密码为：1513227217219432。请妥善保管好您的解锁密码。谢谢！

华为终端有限公司

ကျွန်တော် တွေ့တဲ့ပုံတွေဆွဲထည့်ထားပါ..ဟီးးတချို့ လူတွေက ရှိတက်တယ်လေ..ကုဒ်ပို့ တော့ IMEI ကတခု
ကုဒ်ပြန်ဝင်လာတော့ IMEI ကတခုဖြစ်နေတယ်လို ပေါ..ကျွန်တော့မေးထဲမှာရှာရတာအလွယ်ကူဆုံးလေးတွေကို

တင်ပေးလိုတ်တာပါ..စိတ်မရှိပါနဲ့ နော်..ဟုတ်ကဲ့..အဲဒီ ကုဒ်က 16 လုံးရယ် အနောက်မှာ ( . ) နဲ့ ဆို 17 လုံးပေါ့

အဲဒီ 17 လုံးကို ကျွန်တော်တို့ ကယူပြီးတော့ ကုဒ်ဖြည်ရမှာပါ အဲဒါဆိုရင်ကျွန်တော်တို့ Huawei ရဲ့ ကုဒ်ပို့ ရတဲ့

ဖုန်းတွေကို ကုဒ်ပို့ တဲ့အဆင်ပြီးဆုံးသွားပါပြီ...

အဆင်ပြေလိမ့်မယ်လို့ယူဆပါတယ်

# How to Root Huawei C8812E

အရင်ဆုံး လိုအပ်တဲ့ဖိုင်တွေကိုဒေါင်းပါ ..

Unlocker ( http://bit.ly/URnN4E )

Onekey Tool .exe ( http://bit.ly/159u51H )

CWM Super SU ( http://bit.ly/URnWoT )

အရေးကြီးတာလေးတွေကို Backup ယူထားပေးပါ..အကုန်ပျက်မှာမို့ ပါ

Huawei C8812E ကို Root ဖို့ အတွက် Huawei C8812E ရဲ့အချက်အလက်တွေကိုယူပါ

အဲဒါတွေကိုအပေါ်မှာလည်းဖော်ပြပေးထားပါတယ် ။ အဆင့်တွေ ကျော်ပြီးနော် ရလာတဲ့ ကုဒ် 17 လုံးကို

အပေါ်မှာပေးထားတဲ့ Unlocker ဆိုတဲ့ နေရာမှာထည့်ပြီးတော့ Enter နှစ်ချက်ခေါက်ပါ .ပြီးရင် ဖုန်းက Reboot ကျသွားပါမယ်..ဖုန်းပါဝါပြန်တက်လာရင် Lock ပြယ် သွားပါပြီ ။။အရင်ဆုံးဖုန်းကို Lock ဖြည်ဖို့ အတွက် ဖုန်းကို

ပါဝါပိတ်ပါ .ထို့ နောက် ဓါတ်ခဲပါဖြုတ်ပေးပါ ( 10 စက္ကန့် လောက်) ။ ပြီးရင် ဓါတ်ခဲပြန်တက်မယ် ။ ပြီးရင် ဖုန်းကို

Volume Down & Power ခလုတ် နှစ်ခုစုံဖိပေးထားပါ . ဖုန်းက Fastboot ဝင်သွားပြီဆိုရင်လွှတ်လို ရပါ

ပြီ ။ ဖုန်းက Fastboot ဝင်မဝင်ဘယ်လိုကြည့်လဲဆိုတော့ ဖုန်းက Logo မှာတင်ရပ်နေရမယ် ။ ပါဝါဆက်

ပွင့်လာရင်တော့ မရတော့ပါဘူး.အဲလို ဆိုရင် ဓါတ်ခဲကိုပြန်ဖြုတ် ခဏစောင့် ပြီးရင်ဓါတ်ခဲကိုပြန်တက်ပါ

ပြီးရင် Volume Down & Power ခလုတ်စုံဖိထားဖြင့် Fastboot ပြန်ဝင်ပေးပါ ( ကျွန်တော် တခုအကြံပေးပါ

ရစေ. အဲလိုမိမိဖုန်းကို Root ဖောက်တာတို ဘာတို့ လုပ်တော့မယ်ဆိုရင် ဖုန်းရဲ့ Battery ကိုအနည်းဆုံး

30% ထားပေးဖို့ ပါ..များလေ ကောင်းလေပေ့ါဗျာနော်..ကျွန်တော်တခါ ဖြစ်ဖူးလို့ ပါ..ဆရာလုပ်

တင်ထယ်ရင်ခွင့်လွှတ်ပေးပါ.. )

အောက်ကပုံလေးတွေကိုကြည့်ပေးသွားပါ..ပထမ ပုံက Volume Down & Power ခလုတ်ဖိ၍ Fastboot ဝင်

တာပါ ။ ဒုတိယ ပုံက တော့ Fastboot ထဲကိုရောက်သွားတဲပုံပါ ။







ညာဘက်က ပုံလို ဖုန်းက Logo မှာတင်ရပ်နေပြီဆိုရင်တော့ ကျွန်တော်တို့ Fastboot ကိုဝင်သွားပြီဖြစ်ပါတယ်

အဲဒါအခြေအနေမျိုးမှာ ဖုန်းကို ကွန်ပျူတာနဲ့ ထိုးလိုက်ပါ ။ ပြီးရင် Unlocker ဆိုတဲ့ဖိုင်ကိုဒေါင်းပြီးဖစ်ဖြည်လိုက်

ရင် Unlock.bat ဆိုတာပါါပတယ်..အဲဒီ Bat ဖိုင်ကိုဖွင့်၍ မိမိတို့ မေးထဲကိုရောက်နေသော ကုဒ် 17 လုံးကို

ထည့်ပေး၍ Enter နှစ်ချက်ခေါက်ပါ . ပြီးရင် ဖုန်းက Reboot ကျသွားပါမယ် ပြီးရင်တခါတည်း Formating ချ

သွားမှာပါ..အကယ်၍မှ ကုဒ်ဖြည်တာကို ဘာဒေတာမှလည်းမပျက်ဘူးဆိုရင်တော့ကုဒ်မှားလို့ ပါ..ကုဒ်ကိုပြန်စစ်

ပေးပါ ။ ( ကျွန်တော်ချွင်းချက်အနေနဲ့ ပြောမယ်နော် အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ ဖုန်းရဲ့အချက်အ

လက်တွေကိုမှန်ကန်စွာနဲ့ ပို့ ပါတယ်..သူ တို့ ဘက်ကလည်း ကုန်ပြန်ဝင်လာပါတယ်.အဲဒီကုဒ်နဲ့ လော့ဖြည်တာ

ဖုန်းမှာ Unlock Fial ဖြစ်နေတာတွေ ကြုံဖူးမယ်ထင်ပါတယ်..အဲဒီအခု ကျွန်တော်တို့ အချက်အလက်တွေကို

ဘယ်နခါပဲပို ပို့ မှားနေတဲ ကုဒ်တွေပဲပြန်လာမှာပါ..အဲဒီအခါ ကျွန်တော်အခုပေးတဲ့ ဖိုင်ကိုဒေါင်းပါ ပြီးရင်ဖစ်ဖြည်

ပါ. ပြီးရင် အထဲမှာပါတဲ့ dload ဖိုင်လေးကို ဖုန်းရဲ့ SD ကဒ်ထဲကိုထည့်မယ် ။ ပြီးရင် ဖုန်းကိုပါဝါပိတ်.ခါတ်ခဲဖြုတ်

ပြီး ့ရင် ခါတ်ခဲပြန်တက် Volume Up & Volume Down & Power သုံးခုကို ဖိပေးထားပါ.ဒါဆိုရင် Step 1 / 2
ဆိုပြီးအလုပ်လုပ်သွားမှာပါ.ဖုန်းက ပါဝါပြန်တက်လာရင်တော့ မိမိနှစ်သက်ရာ Tool နဲ့ Root
ဖောက်လို့ ရသွားပါပြီ..အဲဒါက ကုဒ်ဘယ်လောက်ပဲဖြည်ဖြည် မှားနေတဲ့လူတွေအတွက်နော်..ကုဒ်ကိုမစောင့်ချင်

ဘူးဆိုပြီးကျွန်တော်ပေးတဲ့ dload နဲ့ လုပ်ရင်တော့ Error ပေါင်း သောင်းခြောက်ထောင်ကို ရှင်းနေရပါလိမ့်မယ် ကျွန်တော်လည်းအလွယ်လမ်းလိုက်ဖူးပါတယ်..ဒါပေမယ့် ကိုယ့် ပြန်ရှင်းရတဲ့ Error နဲ့ ကမတန်ဘူး ။အဲဒါမို့ ပါ. ကုဒ်ဘယ်လောက်ပဲ ဖြည့်ဖြည့် Unlock Fail ဆိုတဲ့စာပေါ်လို ကတော့ dload နဲ့ ချသာချ ဘာမှမဖြစ်ဘူး..ဟီး ( http://bit.ly/159vIMJ ) (ကုဒ်များတဲ့ဖုန်းမော်ဒယ်မဆိုရပါတယ် )ဟုတ်ကဲ့အဲဒါဆိုအဆင်ပြေမှာပါ .







အပေါ်ကပုံလိုပါပဲ ကုဒ် 17 လုံးကိုရိုက်ပါ ပြီးရင် Enter 2 တချက်ခေါက်ပါ.ဒါဆိုရင်အိုကေပါတယ် ။ ကွန်းမန့် မှာကတော့ FAILED ( remote:L Already in UNLOCKED state ) တဲ့ဟုတ်ပါတယ်..ကျွန်တော်က ပုံ

မရှိတော့ နီးစပ်ရာ Huawei U8825D ကိုဆွဲယူပြီးတော့ ကုဒ်ဖြည်တာလေ..အဲဒီတော့သူက ကုဒ်ဖြည်ပြီးသားလို့ ပြောတာပေါ့ ။ အဲဒီအဆင့်ကိုကျော်သွားရင် ဖုန်းကို  Setting တွေ ပြန်ချိန်ပါ

USB Debugging ကို On ထားပေးဖို့ က အဓိက လေ ပြီးရင် အပေါ်မှာပေးထားတဲ့ CWM Super SU ကိုဖုန်းရဲ့ SD ကဒ်ထဲကိုထည့်ပေးထားပါ  ..ပြီးရင်ဖုန်းကို Fastboot ပြန်ဝင်ပါ .အဲဒီနောက် အပေါ်မှာပေးထားတဲ့

One Key Tool .exe ကိုဖွင့်ပါ..ပြီးရင် ဖုန်းကို Fastboot အနေအထားနဲ့ ပဲ ကွန်ပျူတာမှာချိတ်လိုက်ပါ

ပြီးရင် OneKey Tool.exe  မှာပါတဲ့ Bootloader & Recovery ဆိုတာလေးကို ကလစ်ပေးလိုက်ပါ ။

အဲဒီအတိုင်းပဲထားနော်..ဖုန်းက Reboot ကျမယ် ပြီးရင်ပါဝါပွင့်မယ်..(ဘာမှမလုပ်နဲ့ဦးနော် ) ပြီးရင် ဖုန်းက

Recovery ထဲကိုရောက်သွားမှာပါ ..အဲဒီအခါမှ ဖုန်းကိုကွန်ပျူတာနဲ့ ချိတ်ထားရာကနေ ဖြုတ်လိုက်ပါ ။ ပြီးရင်တော့ install zipfrom sdcard>choose zip from sdcard>cwmsuper su.zip ကိုရွေးပေးပါ ။ ပြီးရင်

Reboot system now ကိုရွေးပေးလိုက်ပါ ။ ဖုန်းက ပါဝါပြန်ပွင့်လာရင်တော့ Root ပေါက်သွားပီပေါ့..



# How to Root Huawei C8825D & U8825D

Huawei C8825D နဲ့ Huawei U8825D က လုပ်နည်း ဖိုင် အကုန်အတူတူပါပဲ..အဲဒီ အတိုင်းပဲလုပ်သွားမယ် နော်အရင်ဆုံး ဖုန်းကို အချက်အလက်တွေ ပို့ပြီးတော့ ကုဒ်ပြန်စောင့်လိုက်ပါ ။ကုဒ်ရလာရင်တော့ Unlocker နဲ့ ကုဒ်အရင်ဖြည်ပါ ။

Unlocker ( http://bit.ly/URnN4E )

Recovery ( http://bit.ly/URIfm9 )

ဖုန်းကို Fastboot ဝင်ပေးပါ ( Volume Down & Power )

ကုဒ်ကို Unlocker မှာထည့်ပီးတော့ရေးပေးပါ ။ ပြီးရင် Enter 2 ချက်ခေါက်ပေးပါ ။ ပြီးရင်ဖုန်းပါ Reboot ကျသွားမယ် ။ ဖုန်းရဲပါဝါပြန်ပွင့်လာရင် USB Debugging တွေ on ပြီးတော့ ဖုန်းကို Fastboot ပြန်ဝင်ပေးပါ ပြီးရင် Recovery ဖိုင်ကိုဖြည်လိုတ်ရင်အဲဒီအထဲမှာ ဖိုင်လေးခုထွက်မှာပါ..Unlocker, Recovery,HMMFont, CWM Super SU ဆိုပြီးတော့ပေါ့ HMMFont နဲ့ CWM Super SU ကိုတော့ SD ကဒ်ထဲကြိုထည့်ပေးထားပါ ။ ပြီးရင် Recovery .bat ဖိုင်ကို Run ထားပြီးတော့ Enter တချက်လေးပဲခေါက်လိုတ်ပါ ဖုန်းက Reboot ကျသွားမယ် ပါဝါပြန်တက်လာရင် ဖုန်းမှာ CWM Recovery သွင်းပြီးဖြစ်နေပါလိမ့်မည် ။အဲဒီအချိန်မှာ ဖုန်းကို ပါဝါပိတ်ပါ။ ခါတ်ခဲဖြုတ်ပါ ။ ပြီးရင် ခါတ်ခဲပြန်တက်ပါ ။ပြီးရင် Volume Up & Power ခလုတ်တွဲဖိထားခြင်းဖြင့် ဖုန်းကို CWM Recovery သို့ဝင်ပေးပါ ။ Recovery ထဲရောက်လျှင်

Install zip from sdcard>choose zip from sdcard>HMMFont.zip (က Root မလုပ်ပဲနဲ့ Font သီးသန့်ပါ)

Install zip from sdcard>choose zip from sdcard>CWM SuperSU.zip (က Root ဖို့အတွက် )

(နှစ်ခုလုံး လုပ်လည်းရပါတယ်..)ပြီးရင် Reboot system now ကိုရွေးပေးပါ .ဖုန်းပါဝါပြန်တက်လာရင် တော့ Root လည်းပေါက်နေပါပီ..ပြီးတော့ ဖောင့်လည်းပါနေပါပီ...( Credit To : HMMFont.zip မှာ ကျွန်တော့ရဲ့ သင်ဆရာ မြင်ဆရာ ကြားဆရာ ဦးငွေလှိုင်ဦး ပိုင်ဆိုင်ခြင်းဖြစ်ပါသည် )

# How to Root Huawei C8950D & U8950D

Huawei C8950D နဲ့ Huawei U8950D တို့ ကလုပ်နည်းလည်းတူသလို ဖိုင်ကလည်းအဲဒီအတိုင်းပါပဲ

ဖုန်းမှာ ကုဒ်ပြန်ရပီလို့ ယူဆပါတယ်နော်..အဲဒါဆိုရင်လိုအပ်တာလေးတွေ ဒေါင်းပြီးတော့

Root Tool ( http://bit.ly/ZyVgDS )

အပေါ်မှာပေးထားတာကို ဒေါင်းလော့ယူပါ ။ ဖုန်းမှာ ကုဒ်ကလည်းဖြည် ပြီးပီထင်ပါတယ် ။ ကုဒ်ဖြည်တာက

တော့ အတူတူပါပဲ ။ ပီးရင် အပေါ်ကလင့်ထဲမှာ ပါတာတွေက

Unlocker ( ကုဒ်ဖြည်ဖို့ အတွက် )

CWM Recovery ( သူက CWM Recovery သွင်းဖို့ ပါ )

CWM Super SU ( သူက Root ဖောက်ဖို့ အတွက် )

HMMFont ( သူက Root မဖောက်ပဲ နဲ့ မြန်မာဖောင့်ထည့်ဖို့ .)

ဖုန်းကို လော့ဖြည်ပြီးသွားရင် ပါဝါပိတ်၍ Fastboot ဝင် ပေးပါ ( Volume Down & Power ) ခလုတ်ကိုဖိပေး

ထားရင် ဖုန်းက လိုဂိုမှာတင် ရပ်သွားမယ် ဒါဆိုရင်တော့ Fastboot ဝင်ပြီးဖြစ်မှာပါ ။ပြီးရင်CWM Recovery ဖိုင်

ထဲက Recovery.bat ဖိုင်ကို ဖွင့် ပါ ပြီးရင် Enter 2 ချက်ခေါက်လိုက်ပါ .

အဲဒီလိုဆို့ရင်ဖုန်းက Reboot ကျသွားမှာပါ . ဖုန်းပါဝါပြန်ပွင့် ရင် CWM Recovery သွင်းပြီးဖြစ်နေပါသည် ။

ထိုအခါ ဖုန်းကို CMD မှနေသော်လည်းကောင်း Volume Up & Power ခလုတ်ကိုဖိထားခြင်းဖြင့်သော်လည်း

ကောင်း မိမိအဆင်ပြေသည့်နည်းဖြင့် Recovery ထဲသို့ ဝင်ပေးပါ ။ Recovery ထဲရောက်လျှင်

Install zip from sdcard> choose zip from sdcard >HMMFont.zip ကို Yes , လုပ်ပေးပါ ပြီးလျှင်

Install zip from sdcard> choose zip from sdcard >CWM Super Su.zip ကို Yes လုပ်ပေးပါ ။ပြီးလျှင်

Reboot system now ရွေးပေးပါ ။ ဖုန်းက ပါဝါ ကျသွားမယ် ပါဝါ ပြန်တက်လာရင် Root လည်းရပီ..

HMMFont ထည့်ထားတဲ့အတွက် ဖောင့်လည်း ရသွားပါပြီ..( HMMFont မှာ ကိုဒွေးလှိုင်ဦးထံမှ ရယူထားခြင်းဖြစ်ပါသောကြောင့် Credit To ပေးပါသည်။ )

ဒီပုံတွေက ဖုန်းကို Fastboot ဝင်ပြီးတော့ CWM Recovery သွင်းနေတဲ့ပုံတွေပါ




Recovery.bat ဖိုင်ကိုဖွင့်လိုက်ရင် ဒီလိုပေါ်မှာပါ ။ အဲဒီလိုပေါ်လာရင် ဖုန်းနဲ့ ကွန်ပျူတာနဲ့ချိတ်ပြီးတော့ Enter တချက်ခေါက်လိုက်ပါ..




အဲဒီလိုဆိုရင် ဖုန်းထဲကို CWM Recovery ထည့်သွင်းသွားပါလိမ့်မည်..ပြီးရင် Enter တချက်ခေါက်လိုက်ပါ

ပြီးရင်ဖုန်းက Reboot ကျသွားမှာပါ...လုပ်နည်းတွေကလွယ်ပါတယ် ။

# How to Root Huawei U8951 ( G510-0010)

Huawei U8951 ကို Root ဖို့ အတွက်ကလည်း ကုဒ် ရမှ ဖြစ်မှာပါ . အဲဒါကြောင့် ကုဒ် နဲ့ အရင်လော့ ဖြည်လိုတ်ပါ။ ပြီးရင်ဒါလေးကိုဒေါင်းလော့ဆွဲပေးပါ

( http://bit.ly/159vIMJ ) ဒေါင်းလော့လုပ်လို့ ရလာတဲ့ဖိုင်လေးကို ဖစ်ဖြည်လိုတ်ရင် dload ဖိုဒါ ထွက်လာမှာပါ .အဲဒီ ဖိုဒါကို ဖုန်းရဲ့ SD ကဒ်ထဲထည့် ပါ . ပြီးရင် ဖုန်းရဲ့ Setting , About Phoen , Software update , Update via SD card , အဆင့်လိုတ်လုပ်ပေးသွားပါ ဒါဆိုရင်ဖုန်းက dload ဖိုင်ကို Install ယူသွားမှာ ။ ဖုန်းပါဝါပြန်

ပွင့်လာရင် အဆင်ပြေသွားပါပြီ ။ အဲဒါဆို ရင်မိမိအဆင်ပြေသည့် Root Tools နှင့် ဖောက်ပါ .ကျွန်တော်ကတော့ Shuame နဲ့ ဖောက်တယ်..ပြီးရင် Super SU apk လေးထည့်တယ်..အဲဒီတော့ Root ဖောက်တာက Shuame နဲ့ Root Access တောင်းတာက Super SU နဲ့ ဆိုတော့လန်းတာပေါ့ .






အောက်ကပုံက Install ယူနေပုံပါ




Root ဖောက်ဖို ကတော့ Shuame နဲ့ ဖောက်ဖို့ အကြံပြုပါတယ်..လွယ်လွန်းတယ်လေ.

# How To Root Huawei U8833 ( Y300)

Huawei U8833 ( Y 300) ကို Root ဖို့ အတွက် ကုဒ်လို ပါတယ် ။ သူ့ ကိုလည်းကုဒ်ပို့ ရပါတယ်

ကုဒ်ဖြည့်တာတွေက အပေါ်မှာပြောပြထားတယ်နော် . ပြီးရင် အောက်မှာလိုအပ်တာအရင်ဒေါင်းပါ

( http://bit.ly/YjSLk1 ) အဲဒီဒေါင်းလိုရလာတာကိုဖစ်ဖြည်လိုက်ရင် ဖိုင်သုံးခုထွက်လာမှာပါ ။.

( C8812E အတိုင်းပဲ ) CWM Super Su & HWMMFont & Root Tool.exe ရယ်ဆိုပြီးတော့ပါ

CWM Super SU & HWMMFont ကို ဖုန်းရဲ SD ကဒ်ထဲ ထည့်ပေးထားပါ .ပြီးရင် ဖုန်းကို Volume Down &

Power ခလုတ်နှစ်ခု အားဖိပေးထား၍ Fastboot ထဲသို့ ဝင်ပေးပါ ။

ဖုန်းက Fastboot ထဲကိုရောက်ပီဆိုရင် ကွန်ပျူတာနဲ့ ချိတ်ပါ .ပြီးရင် Root Tool.exe ကိုဖွင့်ပါ .ပြီးရင် Bootloader & Recovery ဆိုတာ လေးကို ကလစ်ပေးလိုက်ပါ . ပုံထဲကအတိုင်လေးလုပ်ပေးပါ ။ ဖုန်းက reboot

ကျပီးပါဝါပြန်တက်လာလိမ့်မယ်.ဘာမှမလုပ်နဲ့ ေနာ် အဲဒီအတိုင်းထားလိုတ် ပြီးရင်ဖုန်းက CWMRecovery ထဲကိုရောက်သွားမှာပါ .အဲဒီအခါမှ ကွန်ပျူတာနဲ့ ချိတ်ထားရာကနေဖြုတ်ပေးပါ ။ ပြီးရင်

ထုံးစံအတိုင်း

Install zip from sdcard>choose zip from sdcard>HWMMFont.zip ကို Yes လုပ်ပေးလိုတ်ပါ

Install zip from sdcard>choose zip from sdcard>CWMSuper SU.zip ကို လည်း Yes လုပ်ပေးပါ

ပြီး့ရင် Reboot system now ကိုရွေးပေးပါ..ဖုန်းက ပါဝါ ပြန်ပွင့်လာရင်တော့ Root ရော Font ရောအဆင်ပြေ

သွားပြီဖြစ်နေပါတယ်..ခိခိ..ပုံကတော့အောက်မှာနော်..




အနီဝိုင်းပေးထားတာလေးကို ကလစ် လေးတချက်နှိပ်ပေးပါ ဒါဆို အိုကေပါပြီ ။။။

# How To Root Huawei U8825-1 & U8950-1

Huawei U8825-1 & Huawei U8950-1 ဖုန်းတွေက Singapore ထုတ်တွေပါ သူလည်း Huawei ပါပဲ..သူက ကြတော့ ပစ္စည်းချင်းယှဉ်ရင် တော်တော်ကောင်းတယ် ဒီဇိုင်းသပ်ရပ်တယ် RAM နည်းနည်းပို များတယ် ( Huawei U8825D နဲ့ Huawei U8825-1 နဲ့ ယှဉ်ရင်ပေါ့..) သူ့ ကို Root ဖို ကြတော့ ကုဒ်လည်းမပို့ ရဘူး။အဲဒီလို ကုဒ်မပို့ ရတော့ Root Tool တခုနဲ့ ရလားဆိုတော့လည်းမရဘူး အဲဒီတော့ ဘာလုပ်ရမလဲဆိုတော့ သူ့ အတွက် dload တခု လာပါတယ်..ဘယ်ကလာတယ်ဆိုတာကတော့ ပြောဖို့ ခဲယဉ်းတယ် .ကျွန်တော် တို့ က တရုတ်နယ်စပ်ကနေ ဟန်းဆက်တွေကို အများကြီးဖောက်သည်ယူပါတယ် အဲဒီကနေ သူတို့ ဆိုင်ကြီးတွေကနေပေးလိုက်တာပါ..အဲဒီက စတယ်လို့ ကျွန်တော်ယူဆပါတယ်..အွန်လိုင်း မှာလည်းကျွန်တော်ပြောသလို ပဲရကြတာပါ .အဲဒါကို မြန်မာ Developer တွေက အယ်ရာကင်းအောင်ပြန်ပြင် ထားကြတာပါ ..အဲဒီတော့ Credit တော့မပေးတော့ဘူးနော် မဟုတ်လည်း Myanmar Developer တွေကြောင့် အယ်ရာ ကင်းကင်းနဲ့ အသုံးပြုနေကြရတာပဲလေ..ကျေးဇူးတင်မိပါတယ်..Credit ဘာလို့ မခံလည်းဆိုတော့ Developer တိုင်းကပြန်ပြင်နေတော့ဘယ်သူ့ ကို Credit ပေးရမှန်းမသိလို့ ပါ.။

ဒီဒေါင်းလော့လင့်ကိုဒေါင်းပြီးဇစ်ဖြည်လိုက်ပါ ပြီးရင်အထဲမှာပါတဲ့ dload ဖိုင်လေးကို ဖုန်းရဲ့ SD ကဒ်ထဲထည့်ပါ ပြီးရင် Setting ထဲမှသော်လည်းကောင်း , Volume Up & Volume Down & Power ခလုတ် သုံးခုကိုပြိုင်တူ ဖိပေးထားခြင်းဖြင့်သော်လည်းကောင်း Update လုပ်လိုက်ပါ ..ဒါဆို ဖုန်းက အဆင့်သုံးဆင့်နဲ့ Update လုပ် သွားမှာပါ ..ပါဝါပြန်တက်လာပြီဆိုရင် မိမိ ကြိုက်တဲ့ Root Tools နဲ့ ဖောက် ပါ ..Root ပေါက်မှာပါ . ကျွန်တော်ကတော့ အမြဲတမ်းလိုလိုပဲ Shuame နဲ့ ပဲ Root ဖောက်ပါတယ် ။

( Huawei U8950-1 ကို ဒီနည်းနဲ့ Root ဖောက်ရင် Bluetooth မှာ အယ်ရာတက်မှာပါ ..အဲဒါကို ကို ဌေးလှိုင်ဦးပေးတဲ့နည်းနဲ့ ဖြေရှင်းရမှာပါ .. Huawei U8825-1 မှာတော့ အယ်ရာကင်းပါတယ်..)




ဒီလိုလေးလုပ်သွားမှာလေ..ပါဝါပြန်တက်လာရင် မိမိ နှစ်သက်ရာနှင့် Root  ဖောက်ပေးပါ

Huawei U8950-1 ကို Root ဖောက်ရင် Bluetooth အယ်ရာတက်ပါတယ်..အဲဒါကို ဒီကောင်လေး နဲ့ ဒေါင်းပြီး

တော့ဇစ်ဖြည်ပါ ပြီးရင်အဲထဲမှာ Batch ဖိုတခုပါ ။ ဖုန်းကို ပါဝါဖွင့်ပါ ပြီးတော့ Batch ဖိုင်ကိုဖွင့်ပြီး Run လိုတ်ပါ ဖုန်းက Reboot ကျသွားမှာပါ .ပါဝါပြန်တက်လာရင် တော့ Bluetooth အယ်ရာကင်းသွားပါပြီ..ကျွန်တော့်ကို

ကိုဒွေးလှိုင်ဦး ပေးထားတာလေးပါ ...

( Andoid ဖုန်းတွေမှာ Bluetooth အယ်ရာတက်ခဲ့ရင် ဒီနည်းနဲ့ ဖြေရှင်းလို့ရပါတယ်.. )

( http://bit.ly/Yk283d )

အဆင်ပြေပါတယ်ခင်ဗျာ..

# How to Root  Huawei Y 210t

Huawei Y210T ကို Root ဖောက်ဖို့ အတွက် လိုအပ်တဲ့ဖိုင်လေးကိုဒေါင်းပါ ။

( http://bit.ly/ZzeSYr ) ဖုန်းကို Volume Down & Power ခလုတ်ဖိပေးထားပါ ။ ဒါဆိုရင် ဖုန်းက Fastboot ဝင်သွားပါမယ် ။ Fastboot ထဲရောက်ပီဆိုရင် ဖုန်းကို ကွန်ပျူတာနဲ့ ချိတ်ပါ ။ ပြီးရင် အပေါ်က

ပေးထားတဲ့လင့်ကိုဒေါင်းပြီးတော့ဖစ်ဖြည်လိုတ်ရင် အထဲမှာဒီ အမည် ++¦(.bat ပါတာလေးကို Run လိုတ်ပါ

ပြီးရင်ဖုန်းက reboot ကျသွားပြီးတော့ ပါဝါ ပြန်ပွင့်လာမှာပါ..ခဏစောင့်ပေးပါ ။ ပြီးရင် ခါတ်ခဲဖြုတ် ပြန်တက်

ပြီးတော့ Fastboot ထဲပြန်ဝင်ပါ ..ပြီးရင် ကွန်ပျူတာနဲ့ ချိတ်ပေးပါ . ပြီးရင် ဆောနက ဖိုဒါထဲမှာပဲ Run Me.bat

အမည်ပါတာလေးကို Run ပေးလိုတ်ပါ ..ပြီးရင်ဖုန်းက ( reboot မကျတော့ဘူနော် ) ။ ဖုန်းကို ခါတ်ခဲဆွဲဖြုတ်

ပြီးရင် ပါဝါ ပြန်ဖွင့် ပြီးရင်တော့ Shuame နဲ့ Root ဖောက်ပါ .ဒါဆို Root ပေါက်ပါပြီ .ပြီးရင်ဖုန်းကိုခဏပြန်စစ်

ကြည့်လိုတ်ပါ အကယ်၍ Wifi မှာ အယ်ရာ တက်ခဲ့လို့ ရှိရင် အခုပေးထားတဲ့လင့်လေးကိုဒေါင်းလော့ယူပါ ။

( http://bit.ly/Zzljur )

အပေါ်မှာပေးထားတဲ့ဖိုင်လေးကိုဖွင့်ပါ ။ ပြီးရင်ဖုန်းကို Fastboot ဝင်၍ အပေါ်ပေးထားတဲ့ဖိုင်ထဲမှာမှ

Y210T  Boot Repair Tool.bat အမည်ပါတာလေးကို Run ပေးပါ ပြီးရင်ဖုန်းက ပါဝါပြန်ပွင့်လာမှာပါ

ဖုန်းပါဝါပြန်ပွင့်လာရင် Wifi Error ကင်းသွားပါသည်..။

Credit To : MMSD ‘s Admin Ko Phyo Chan

ကျွန်တော် Y210T ကို Root ဖောက်တာကနေအယ်ရာရှင်းတဲ့အထိ ကိုဖြိုးချမ်းရဲ့ ပို့ စ်အတိုင်း ပြန်တင်

ပေးထားခြင်းဖြစ်ပါသည်..။

# How To Root  Huawei Y220T

Huawei Y220T ကို Root  ဖို့ အတွက်လိုအပ်တာလေးတွေဒေါင်းပေးပါ

(   http://bit.ly/ZzIwN9  )

ဒေါင်းလို့ရလာတဲ့ဇစ်ဖိုင်ကိုဇစ်ဖြည်လုတ်ရင် ဖိုင်သုံးခု ထွက်လာမှာပါ ပထမ တခုက ResearchDownload ကျွန်တော်တို့ Root ဖို အတွက် သူက Tool ပါ..နောက်တခုက Driver ပါ ( ဖုန်းရဲ့ Driver မဟုတ်ဘူးနော် သူ က ကျွန်တော်တို့ အသုံးပြုမယ် Root Tools ( exe) ရဲ့ Driver ပါ . .ကျန်တဲ့တခုကတော့ Y220T Root.pic ဖိုင်ပါ ။ဟုတ်ကဲ့..အရင်ဆုံး Driver ကို install ယူလိုက်ပါ . ပြီးရင် ResearchDownload ဖိုင်ထဲက Bin အမည်ရှိ တဲ့ဖိုဒါလေးထဲဝင်ပါ ပြီးရင် ResearchDownload.exe လေးကို Run လိုက်ပါ ..အောက်မှာပုံလေးတွေနဲ့ အဆင့် လိုက် ပြထားပါတယ်




အဲဒီအနီဝိုင်းလေးဝိုင်းထားတာကို ကလစ်ပေးလိုတ်ရင် သူက ဘောက်တခုကျလာမှာပါ..အဲဒီမှာ အပေါ်က ကျွန်တော်ပေးထားတဲ့ဖိုင်ထဲက Y220T Root.pic ဖိုင်လေးကို ရွေးပေးပြီးတော့ Open လုပ်ပေးပါ..အောက်ကပုံကိုဆက်ကြည့်ပေးပါ




ပြီးရင် Open ကိုရွေးပေးနော်..




ပြီးလို့ရှိရင် အနီဝိုင်းထားတာလေးကို တချက်နှိပ်ပေးလိုက်ပါ ။ အဲဒါဆိုရင်ကျွန်တော်တို့ ဟာ Y 220T ကို Root ဖောက်ဖို့ အသင့်အနေအထားဖြစ်နေပါ ပြီ.ထို့ နောက်ဖုန်းကို ပါဝါပိတ်ပါ . ပြီးလျှင် Volume Down ခလုတ်တခုတည်းကို ဖိ ၍ USB ကြိုးကနေပြီးတော့ ကွန်ပျူတာနဲ့ ချိတ်လိုက်ပါ .ကွန်ပျူတာရဲ့ Root Tool မှာ ဖုန်းကို သိပြီးတော့ စ၍ Install ယူသွားပြီဆိုရင်ဖိထားတဲ့လက်ကိုလွှတ်လို့ ့ရပါပြီ ။


HUAWEI

# How to root  Huawei Y310

Huawei Y310 ကို Root ဖို့ အတွက် က ဖိုင်လေးပဲကွာသွားတာပါ . လုပ်နည်းက အတူတူပဲမို့လို့ ပြောတော့ဘူး

နော်..လိုအပ်တဲ့ဖိုင်ကိုဒီမှာဒေါင်းပါ ( http://bit.ly/Yl3oTC ) .။ အဲဒါက .pic
ပါ..သူ့ အထဲမှာလိုအပ်တာလေးတွေ အကုန်ပါ ပါတယ်.. လုပ်နည်းက Y220T
နဲ့ မို့ လို့ မပြောတော့ဘူးနော်..အဆင်ပြေမှာပါ... ခွင့်လွှတ်ပေးလိမ့်မယ်လို မျှော်လင့်ပါတယ်

# Credit To : MMMPxTeam

# How To Root Huawei T8620,U8836D

Huawei T8620 နဲ့ Huawei U8836D က Root နည်းတူပါတယ် ။ (http://bit.ly/ZzLH7A )
ဒေါင်းလော့ယူပါ.အထဲမှာ U8836D Root ဆိုတာလေးပါတယ် ဖုန်းကိုပါဝါဖွင့် ပါ . ပြီးရင် ပြီးရင်

ဖုန်းကို ကွန်ပျူတာ နဲ့ ချိတ်ပါ .USB Debugging ကိုတော့ On ထားပေး ပါ..ပြီးရင် ဒေါင်းလို့ ရလာတဲ့

ဖိုင်လေးထဲက RunMe.bat ဖိုင်လေးကို Run ပေးလိုတ်ပါ ။ ပြီးရင် ( 1 ကိုရိုတ်ပြီးတာ့ Enter ခေါက်

ပေးလိုတ်ပါ ..) ပြီးရင်မိမိဖုန်းကို ပြန်ကြည့်ပါ  Don't Restory  နဲ့  Restore My dat ဆိုပြီးပေါ် လာရင်

Restore My Data ကိုရွေးပေးပါ ပြီးရင် 10 စက္ကန့် အတွင်းဖုန်းက Reboot ကျသွားမှာပါ..ပါဝါပြန်တက်လာရင်

Root ပေါက်သွားပါပြီ ။ အဆင်ပြေပါတယ်..။

# How to Root Huawei U9200&U9200E&U9500

Huawei U9200 နှင့် U9200E ကို root နည်း ကအတူတူပါပဲ..သူတို့ကို CWM Recovery

အရင်သွင်းပါမယ် ။ ပြီးရင် CWM Super SU ထည့်ပြီး Root ဖောက်မယ် .ပြီးတော့ HWMMFont

ထည့်ပြီးတော့ မြန်မာဖောင့်ထည့်မယ် ။ လွယ်လွယ်လေးရယ် (..ကြုံတုန်းကြွားလိုက်ဦးမယ်..

U9200 & U9200E အတွက် Recovery ရှိပေမယ့် သူ့ရဲ့ Offical ဆိုဒ်ကနေပြီးတော့ Touch Recvoery

ကိုဒေါင်းတယ် ပြီးတော့ Huawie C8650 အကိုအခြေခံပြီးတော့ Batch ဖိုင်ကနေ Recovery ထည့်နည်း

လေးလက်တည့်စမ်းထားတာဟီး:::::::::: ) ( http://bit.ly/ZzQzK1 )

ဒေါင်းလော့ရလာတာလေးကိုဖြည်လိုက်ရင်ဖိုင်သုံးခုထွက်လာမှာပါ U9200 & U9200E အတွက် Recovery.bat

ဖိုင်ရယ် CWM Super SU ရယ် HWMMFont ရယ်ပါ.CWM Super SU နဲ့ HWMMFont ကို ဖုန်းရဲ့ SD ကဒ်ထဲ

ထည့်ပေးထားပါ ။ ပြီးရင်ဖုန်းကို USB Debugging ကိုလည်း On ထားပေးပါ. ပြီးရင်ဖုန်းကို Fastboot ဝင်ပေးပးထားပါ .ပြီးရင်ကွန်ပျူတော်ပေးထားတဲ့အ ထဲက CWM Recovery.bat ဖိုင်ကို Run ပါ

ပြီးရင်ဖုန်းနဲ့ ကွန်ပျူတာနဲ့ ကိုချိတ်ပေးလိုက်ပါ .ပြီးရင် ကွန်ပျူတာ ပေါ်က CWM Recovery.bat ဖိုင်ပေါ်မှာ

Enter နှစ်ချက် ဆက်တိုက်ခေါက်ပေးသွားပါ ပြီးက Reboot ကျသွား မှာပါ ဖုန်းပါဝါပြန်တက်လာရင်

CWM Recovery သွင်းပြီးသွားပါပြီ. ထိုအခါ ဖုန်းကို Recovery ထဲသို့ ဝင်ပေးပါ ။ CWM Recovery

ထဲရောက်လျှင်

Install zip from sdcard>choose zip from sdcard>CWMSuper SU.zip>Yes ရွေးပေးလိုက်ပါ

Install zip from sdcard>choose zip from sdcard>HWMMFont.zip> Yes ကိုရွေးပေးပါ ပြီးရင် Back Key ကိုဖိ၍ အပြင်ကိုပြန်ထွက်ပါ..အပြင်ကိုရောက်လျှင် reboot system now ကိုရွေးပေးပါ .ဒါဆိုရင် ဖုန်းက reboot ကျသွားမှာပါ ဖုန်းပါဝါပြန်တက်လာရင် Root & Font အဆင်ပြေသွားပါပြီ..

( CWM Recvoery က Touch ဆိုတော့ လက်နဲ့ သွားလို့ရပါတယ်.. )

(ဖုန်းကို Fastboot ဝင်ရန်အတွက် cmd ဘောက်မှ adb reboot bootloader ဆိုတဲ့စာသားကိုရိုက်ပြီးEnter ရိုက်ပါ ဖုန်းကို Recovery သို့ ဝင်ရန်အတွက် adb reboot recovery ဆိုပြီးတော့ Enter ခေါက်ပါ )

# How To Root Huawei U8812D&T8833&T8951

Huawei U8812D , T8833 , T8951 ကို Root ဖို့ က နည်းလမ်းအတူတူပါပဲ..မတူတာဆိုလို့ ဖိုင်ပဲရှိပါတယ်

လိုအပ်တာလေးတွေဒေါင်းပါ

U8812D (http://bit.ly/133ZKmV )

T8833 ( http://bit.ly/133ZEf6 ) Credit To : U Phyo Nyi Nyi

T8951 ( http://bit.ly/Yn6FBU )

လိုအပ်တဲ့ဖိုင်လေးတွေကိုဒေါင်းလော့ယူထားပါ ။ ပြီးရင် ရလာတဲ့ ဖိုင်လေးတွေထဲမှာ လိုအပ်တာလေးတွေအကုန်ပါ ပါတယ်.။ အဓိက က Driver ပါ..Huawei Driver ရယ် SP Flash Tool Driver

Huawei Driver ကိုတော့ စာမျက်နှာထိပ်မှာပေးထားပါတယ်.. SP Flash Tool Driver ကတော့ ဇစ်ဖိုင်လေးထဲ

မှာပါ ပါတယ်.။ အရင်ဆုံး Driver ကို Install ယူပါ ပြီးရင်အောက်ကပုံလေးတွေအတိုင်းလုပ်သွားပါမယ်နော်




အဲဒီမှာ အပြာရောင်နဲ့ .exe ဖိုင်လေးရှိတယ်..အဲဒါကို ကလစ်နှစ်ချက်နှိပ်လိုက်ပါ..ပြီးရင်နောက်တခုနော်




အနီဝိုင်းထားတာလေးကို နှိပ်ပေးပါ ..သူ ကဘောတခုကျလာရင် မိမိ လုပ်မယ့်ဖုန်းရဲ့ မော်ဒယ်ကိုရွေးပေးပါ

ကျွန်တော်က T8833 ဆိုတော့ T8833 ကိုပဲရွေးပါတယ်။




အဲ့ဒီဘောက်ထဲမှာ MT6577_Android_scatter>emmc ဆိုတာကိုရွေးပေးပြီးတော့ Open လုပ်ပေးပါ

ပြီးရင်နောက်တခု




ပြီးရင်အနီဝိုင်းထားတဲ့ Download ဆိုတာကိုနှိပ်ပေးပါ




အဲဒီလို အပေါ်ပုံက Download ဆိုတာကိုနှိပ်ရင်အောက်ကပုံလို ဘောက်တခုကျလာမှာပါ Yes ကိုရွေးပေးပါ




အဲဒီလို Yes ကို ရွေးပေးလိုက်ရင်ဒီပုံလိုဖြစ်သွားပါပြီ ဒါဆိုရင် ဖုန်းကိုပါဝါပိတ်ပါ ။ ဓါတ်ခဲဖြုတ်ပါ ..ထို့ နောက် USB ကြိုးထိုးလိုက်ပါ  ( ဖုန်းကတချက်တုန်းသွားမှ ) ဓါတ်ခဲကိုပြန်တက်ပါ .









အကယ်၍ ဖုန်းမှာတုန်တော့တုန်သွားတယ်အဲဒါနဲ့ Battery ကိုတက်လိုတ်တယ်ဆိုရင်အောက်ကပုံမှာကြည့်ပါ Flashtool မှာဒေါင်းလော့ဆွဲသွားလားလို့ ..အဲလိုမှမဟုတ်ပဲ ဖုန်းမှာအားဝင်တဲ့သင်္ကေတ ပြနေရင် ခါတ်ခဲပြန်ဖြုတ်ပြီးတော့ ကြိုးထိုးပြီးတော့ ခါတ်ခဲပြန်တက်တဲ့ အဆင့်ကိုပဲ ပြန်လုပ်ပေးပါ..နည်းလမ်းမှန်သွားရင်တော့ အောက်ကပုံကို ကြည့်လိုတ်ပါ ..




**အဲဒီမှာ အနီ တကြောင်းပြေးမယ်. 5 စက္ကန့် လောက်ပဲကြာမှာနော်..ဒေါင်းလော့ဆွဲနေချိန်က ..ပြီးရင်အဲဒီအတိုင်းကြည့်နေလိုတ်..ပြီးရင် အနီ နေရာမှာအဝါ ရောင်လေးထပ်ပြေးသွားမယ်**




**ကြည့်နေဦးဘာမှမလုပ်နဲ့ ဦး..အဲဒီအတိုင်းလွှတ်ထားလိုတ်. ပြီးရင်နောက်တခု**




အဲဒီလိုပုံလေးပေါ်လာရင် ကျွန်တော်တို့ လုပ်ငန်းဆင်အောင်မြင်ပါပြီ..ဒါဆိုရင် ဖုန်းကို ကွန်ပျူတာနဲ့ ချိတ်ထားရာကနေ ဖြုတ်လိုတ်ပါ ပြီးရင် ဖုန်းမှာ Setting တွေ Language တွေချိန်ပါ..ပြီးရင် ဖုန်းရဲ့ Apps Menu List ထဲပြန်ကြည့်ပါ..Root ပါပေါက်ပီးသွားတွေ့ မှာပါ.( Remark : T8833 မှာ Firmware သေသွားတဲ့ဖုန်းကိုတောင် ဒီအတိုင်း Root ဖောက်သလို လုပ်သွားပါ Firmware ပြန်တင်စရာမလိုပါ..Root လည်းပေါက်သွားမှာပါ ဖြစ်ပါတယ်.ကျွန်တော်အလုံးပေါင်းများစွာကို စမ်းသပ်ခဲ့ပါသည်..အခုလိုကျွန်တော်တို့ အဆင်ပြေပြေ အသုံးပြုနိုင်အောင်..စေတနာအရင်းခံ၍ တီထွင်ဖန်တီးပေးပါသော ဦးဖြိုးညီညီ

( Collection Of Android ၏ Admin ) အားအထူးကျေးဇူးတင်ရှိပါသည်..

Credit To : U Phoy Nyi Nyi ( MMUC & COA )

( U8812D , T8951 တွေလည်းအဲဒီအတိုင်းပဲလုပ်သွားရမှာပါ..ဖိုင်ပဲကွဲသွားမှာပါ..အဆင်ပြေပါတယ်ခင်ဗျ.)

# How To Root Huawei C8650 & C8800

Huawei C8650 နှင့် Huawei C8800 ကို Root ဖို့ အတွက် နည်းလမ်းက အတူတူပါပဲ.ပြီးတော့ Root

လုပ်မယ့်ဖိုင်ကတော့မတူဘူးနော်....လိုအပ်တာက

CWM Recovery နဲ့ Root .zip ပါ.လိုအပ်တာလေးတွေကိုအရင်ဒေါင်းလော့ယူပါ

C8650 ( http://bit.ly/YnbFqh )

C8800 ( http://bit.ly/YnbECw )

မိမိ ရဲ့ဖုန်းမော်ဒယ်အလိုက် ရွေးပြီးတော့ ဒေါင်းလော့ယူပါ ..ရလာတဲ့ ဖစ်ဖြည်လိုက်ရင် ဖိုင်နှစ်ခုထွက်လာမှာပါ

ပထမ တခုက recovery သွင်းဖို့ ပါ ဒုတိယတခုက update.zip ပါ..ဆိုလိုတာက recovery.bat ဖိုင်ကို Run

ပြီးတော့ ဖုန်းကို CWM Recovery အရင်သွင်းပါ . ဖုန်းမှာ CWM Recovery သွင်းပြီးသွားပြီဆိုရင် update.zip

ကိုဖုန်းရဲ့ SD ကဒ်ထဲထည့်ပြီးတော့ recovery ထဲကနေ install ယူလိုက်ပါ ..ဒါဆိုရင်ဖုန်းက Root ပေါက်သွားပါ

ပြီ ။ လုပ်ပုံလုပ်နည်းက ..အရင်ဆုံးဖုန်းကို Fastboot ဝင်ပေးပါ . ( Volume Down & Power ) ကိုဖိပေးထားပါ

ဖုန်းက လိုဂိုမှာတင်ရပ်နေရင် Fastboot ဝင်ပါပြီ.အဲဒီအခါအပေါ်မှာပေးထားတဲ့ recovery.bat ကို Run ပေးပါ

ပြီးရင် Enter နှစ်ချက်ခေါက်ပေးပါ ။ အဲဒါအခါ ဖုန်းက Reboot ကျသွားမယ် ။ ဖုန်း ပါဝါပြန်တက်လာရင်

CWM Recovery သွင်းပီးဖြစ်နေပါလိမ့်မည်.ထိုအခါ update.zip ကိုဖုန်းရဲ့ SD ကဒ်ထဲတွင်ထည့်ပေးထားပါ

ထို့ နောက်ဖုန်းကို Volume Up & Power ခလုတ်နှစ်ခုကိုစုံဖိထား၍ Recovery ထဲသို့ ဝင်ပေးပါ

Recovery ထဲသို့ ရောက်လျှင်
install zip from sdcard>choose zip from sdcard>update.zip ကိုရွေးပေးပါပြီးရင်အပြင်ပြန်ထွက်၍

Rebot system now ကိုရွေးပေးပါ..ဖုန်းပါဝါပြန်တက်လာရင် Root ပေါက်ပြီးဖြစ်နေပါလိမ့်မည်.။

( recovery ထဲတွင်တရုတ်စာတွေပဲဖြစ်နေပါလိမ့်မည်..အပေါ်ထိပ်စာမျက်နှာတွင် အင်္ဂလိပ်
သို့ ဘာသာပြန်ပေးထားတာရှိပါတယ်..ပုံလေးတွေနဲ့ လေ.)

အခုဆိုရင် ကျွန်တော် Huawei တွေကို CWM Recovery လုပ်တဲ့ .bat ဖိုင်တွေကို ပုံမှန်အတိုင်းပဲကျွန်တော်လုပ်ထားတာပါ..သူ ့ရဲ့ မူရင်းဖိုင်က Huawei C8650 ကို ကျွန်တော်

Notepad++++ နဲ့ ပြန်ပြင်ထားပါတယ်.စာဖက်သူများလည်းပြန်ပြင်လို့ရအောင်ကျွန်တော် .bat ဖိုင်နဲ ့ပဲ

ပြန်တင်ပေးထားပါတယ်.အဓိက လိုအပ်တာက cwmrecvoery.img ဖိုင်ပါ..မူရင်း bat ဖိုင်က ဒီမှာပါ..

အသုံးတည့်သလိုပြန်ပြင်လို့ ရမှာပါ..( [http://bit.ly/Wj6fec](http://bit.ly/Wj6fec) ) ပြင်ဖို့ ဆိုရင်အဓိက က adb command သုံးလေးကြောင်းလောက် သိရင်ရပီထင်တယ်..( ကျွန်တော်ကတော့ သုံးကြောင်းတည်းနဲ့ပြင်သွားတာပါ..)

ဒါကသူ့ ရဲ့မူရင်း .bat ကို Notepad++ နဲ့ ထုတ်ထားတာပါ




1. ကထိပ်စီးခေါင်းစဉ်ပါ(အပေါ်ဆုံးလေးထောင့်ကွတ်နေ့ာ.ဟီးးနံပါတ်1 က ဟိုဘက်ရောက်နေလို )
2. ကမိမိ ထည့်ချင်တာစာထည့်ပါ..ပြီးတော့မိမိဟာမြန်မာနိုင်ငံက developer တွေရေးထားတာကိုပြန်ပြင်မယ်ဆိုရင်တော့ Credit To ခံပေးသင့်ပါတယ်.ဒီဟာကတော့ နိုင်ငံခြားကဆိုတော့..ကျွန်တော်က လေးစားမှုနဲ့ Credit To all of android developer လို ခံထားတယ် ။
3. ကတော့ အရောင်ပါ.မိမိရဲ့ .bat လေးကဘယ်လိုအရောင်နဲ့ ထွက်လာမှာလဲ ဆိုတာပေါ့..
4. ကတော့ကျွန်တော် အဲဒီအတိုင်းပဲထားလိုက်တယ်..

5. ကတော့ အခိက ဖုန်းကိုခိုင်းတာကအဲဒီကနေစတာပါ..ဖုန်းက Fastboot ဝင်ထားတယ်ဆိုရင် ကွန်းမန့်မှာ fastboot နဲ့ စပါတယ်..ပြီးတော့ကျွန်တော်တို့ က recovery ထည့်မှာဖြစ်တဲ့အတွက် flash recovery လို့ ရေးပါတယ်..ပြီးတော့ ကျွန်တော်တို့ အဲဒီဖိုင်ထဲမှာ recovery.img ကိုဘယ်လိုထည့်ထားလဲဆိုတာသိဖို့အရေးကြီးပါတယ်..အဲဒီအမည် အတိုင်း ပေးရမှာပါ .ဥပမာ recovery.img ဆိုရင် recovery.img  လို ပေးပါ ..ဥပမာ cwmrecovery.img ဆိုရင်လည်း cwmrecovery.img လို့ ပေးလိုက်ပါ..းအဲဒီတော့ပြန်ပေါင်းမယ်နော်..ဖုန်းးက fastboot ဝင်ထားတဲ့အတွက် fastboot flash recovery recovery.img လို ရိုက်ရတာပါ...
6. ကတော့ Fastboot ဝင်နေတဲ့ဖုန်းကို reboot ချတာပါ..အဲဒီတော့ fastboot reboot ဆိုပြီးရေးရတာပါ

ဒါကကျွန်တော်ပြန်ပြင်ထားတာပါ

```
@title Collection Of Android
@ECHO off
color 0d
echo       xxxxxxxxxxxxxxxxxxxx-----Chateau Man-----xxxxxxxxxxxxxxxxxxxxxxxxxxx
echo           xxxx               Collection Of Android               xxxx
echo           xxxx       Credit To All of android developer          xxxx
echo                 Collection ------------ Of ---------------- Android
echo           xxxx          Please Turn On Unknow Suorces            xxxx
echo           xxxx            Turn On USB Debugging                  xxxx
echo           xxxx                                                   xxxx
echo           xxxx           CWM Recover For Huawei C8650            xxxx
echo           xxxx                                                   xxxx
echo           xxxx                                                   xxxx
echo       xxxxxxxxxxxxx------x Collection Of Android x-------xxxxxxxxxxxxxxxx
echo.
pause

echo Just moment, i will take the Recovery.
fastboot erase recovery

echo Install the CWM Recvoery
fastboot flash recovery recovery.img
echo Recovery.CWM Recovery is Okay

echo Enjoy , Thank you for useing
fastboot reboot
echo Collection Of Android
pause
```

ကြည့်လိုက်ပါ.အပေါ်ပုံနဲ့ အောက်ပုံနဲ့ ...တိုက်ကြည့်ပါ..မပြောင်းတာ ဘယ်နကြောင်းရှိလဲလို့...အိုကေနော်..

အဲလောက်ဆိုနားလည်မယ်ထင်ပါတယ်... အဲဒီ ကွန်းမန့် တွေအတိုင်း cmd ဘောက်မှလည်းသုံးလို့ရပါတယ်..

ဒါကသူ့ရဲ့ မူရင်း .bat ဖိုင်ပါ




အောက်ကပုံကကျွန်တော့်ရဲ့ပုံပါ




အဲဒီမှာအရောင်လေးတွေ ပြန်ချိန်းထားတယ်...

ဒါက အရောင်တွေ အတွက်ပါ..အရှေ့က ဂဏန်းက နောက်ခံအရောင်.ပါ..

အနောက်က ဂဏန်းက စာသားတွေရဲ့အရောင်ပါ..




Recovery.img ဖိုင်လေးရှိရင် ရပါပြီ...အကယ်၍ ပြန်ပြင်ချင်လို့ရှိရင် ပြင်ရအောင်လို့ မူရင်း .bat ဖိုင်ရော

ကျွန်တော့ရဲ့ .bat ဖိုင်ရော ထည့်ပေးထားတာပါ..ကျွန်တော်ကတော့ ပြန်ပြင်စေချင်ပါတယ်.အဲဒါမှ

ADB Command တွေကိုကျွမ်းကျင်လာမှာလေ..နောက်ထွက်မယ့်စာအုပ်တွေမှာလည်း ADB Command ကို အဓိက ဦးစားပေးပြီးတော့ ကျွန်တော်ထည့်ရေးပေးပါ့မယ်...

# Sony Ericsson ဖုန်းများအား  Root လုပ်ခြင်း

X10 , X10mini , X8 , Xperia Ray , Live Walkman , Neo , Neo V     တွေမှာ Version ပေါ်မူတည်ပြီး Superone Click ကိုသုံးရမယ်

ဉပမာ Versions က 2.1 update 1 , 2.2 , 2.2.1 ဆိုရင်တော့ Superone Click 2.1 ကိုသုံးရမယ်

Versions က 2.3 ဆိုရင်တော့ Superone Click 2.3.3 ကိုသုံးရမယ် ။

# Super One Click အသုံးပြုနည်း

Super One Click ကို ဒေါင်းလော့ဆွဲပါ ထို့ နောက် ရလာတဲ့ ဖိုင်ကိုဇစ်ဖြည်လိုတ်ပါ..ဇစ်ဖြည်လိုတ်ရင်

ထွက်လာတဲ့ဖိုင်လေးတွေထဲမှာ ဒီပုံလေးထဲက ဆောဲလ်ကို ကွန်ပျူတာမှာ Run ပေးပါ ။

ပြီးရင်ဖုန်းကို ပါဝါဖွင့်လျှက် နဲ့ ကွန်ပျူတာမှာချိတ်ပေးပါ ။









အဲဒါက Super One Click အသုံးပြုနည်းပါ ။ Super One Click က Android 2.1 တော်တော်များများကို

အသုံးပြုလို့ ရပါတယ်. ကျွန်တော်ပြောချင်တာက ဖြတ်ထိုးဉာဏ်လေးသုံးဖို့ ပါ.ပြီးတော့ကလိတက်ဖို့ ပါ ။

# How To Root Sony Ericsson , ( 1 )

ဒါကတော့ sony ဖုန်းတွေ unlockcode တောင်းတဲ့နေရာလေးပါ
http://unlockbootloader.sonymobile.com/unlock/step1အခုစလိုက်ရအောင်နော်
အရင်ဆုံး အကိုဖုန်းကို unlock code တောင်းရပါမယ်
unlock code ကိုဘယ်လိုတောင်းရလဲဆိုတော့
ဖုန်းရဲ့ IMEI နံပါတ်က ၁၆ လုံးရှိပါတယ်
နောက်ဆုံးတစ်လုံးချန်ပြီးတော့ တောင်းရမှာပါ




-Yes, I'm sure ကိုရွေးပါ




-နှစ်ခုလုံးကို အမှန်ခြစ်ပါ ပြီးရင်
-I accept




လိုအပ်သည်များကိုဖြည့်၍ လူကြီးမင်းတို့၏ Gmail တွင် unlock number ကို ယူလို့ရပါပြီ

-SD card ထဲကို CWM-SuperSU-v0.93 ထည့်၍ ဖုန်းထဲသို့ထည့်ပါ
-လူကြီးမင်း၏ဖုန်းကို Power ပိတ်လိုက်ပါ
-ပြီးလျှင် back key ကိုနှိပ်၍ cable ထိုးပါ
-လူကြီးမင်းတို့ဖုန်းတွင်မီးပြာလေး လင်းလာရင်ရပါပြီ
-ပြီးလျှင် လူကြီးမင်း ကွန်ပြူတာတွင် cmd ကို ဝင်ပေးပါ



နောက်ပြီးရင် ဒီစားလေးရိုက်ပြီး ဖုန်းကို Lock ဖြည့်မယ်နော် ( fastboot -i 0x0fce oem unlock 0x.................)
0×0 မှာက (၀ ကတော့ သုညဖြစ်ပါတယ် အို မဟုတ်ပါ ) ( x ကတော့ abcd .....ရဲ့ x ဖြစ်ပါတယ်)

(0x...................ကတော့ 0x ပြီးရင် လူကြီးမင်းတို့ရဲ့ Gmail ကရသော unlock number ကိုထည့်ရမှာပါ)




-unlock number ရိုက်ပြီး enter နှိပ်လိုက်ပါက လူကြီးမင်းတို့ဖုန်းမှာ Lock ပြုတ်သွားပါပြီ
-နောက်တစ်ဆင့်ကတော့ img file ထည့်ရမှာပါ
-cmd box မှာ fastboot reboot boot img file ပြီးရင် enter နှိပ်ပါ (img file နေရာမှာ လူကြီးမင်းတို့ဆွဲထားသော img file ကို ထည့်ရမှာပါ)



enter နှိပ်ပြီးပါက ဖုန်း၏ back key ကို ဆက်တိုက်နှိပ်ပါ ထိုအခါဖုန်းသည် Recovery Mode ထဲကို ဝင်သွားပါလိမ့်မည်
Recovery Mode ထဲသို့ရောက်ရှိပါက install zip form SD card ကို ဝင်ပါ
ပြီးလျှင် Choose zip from SD card ထဲ ကို ဝင် ပါ
အဲဒီထဲမှ စောစော က ထည့်ထားသော CWM-SuperSU-v0.93 ကို zip ဖြေလိုက်ပါ
ပြီးလျှင် phone ကို Reboot ချ လိုက် ပါ (Reboot system now)
Power ပြန်တက်လာသော အခါ လူကြီးမင်း၏ဖုန်းမှာ Root ပေါက်ပြီးဖြစ်နေပါမည် ။

ဖုန်းကို CWM Recovery ထည့်ပြီးသွားပြီဆိုရင် SD ကဒ်ထဲမှာထည့်ထားရမှာက CWM Super SU

လေးပဲဖြစ်ပါတယ် (http://bit.ly/URnWoT )

ဒီနည်းအတိုင်းတလွဲမသွေလုပ်ရမယ့် မော်ဒယ်တွေကတော့
အောက်မှာပါ..အားလုံးအတူတူပါပဲ.ဘယ်နေရာလေးကွဲသွားလဲဆိုတော့သူ နဲ့ ပါတ်သတ်တဲ့ img ဖိုင်လေးဆဲထည့်ရတဲ့ နေရာမှာပဲကွဲသွားမှာပါ..

Xperia Acitve ( http://bit.ly/13C4coG )

Xperia SK17i (Mini Pro ) (http://bit.ly/13C47RV )

Xperia ST15i ( Mini Only Version 4.0) ( http://bit.ly/13C41tj )

XperiaLT18i ( Arc s) ( http://bit.ly/Yp6tnD )

Xperia Livewithwalkman ( http://bit.ly/Yp6loe )

Xperia Neo ( http://bit.ly/Yp6sjt )

Xperia Neo L ( http://bit.ly/Yp6mbz )

Xperia Ray ( http://bit.ly/Yp6ibT )

Xperia S ( http://bit.ly/Yp6gAU )

# How To Root Sony Ericsson , ( 2 )

ဒါကတော့ sony ဖုန်းတွေ unlockcode တောင်းတဲ့နေရာလေးပါ
http://unlockbootloader.sonymobile.com/unlock/step1အခုစလိုက်ရအောင်နော်
အရင်ဆုံး အကိုဖုန်းကို unlock code တောင်းရပါမယ်
unlock code ကိုဘယ်လိုတောင်းရလဲဆိုတော့
ဖုန်းရဲ့ IMEI နံပါတ်က ၁၆ လုံးရှိပါတယ်
နောက်ဆုံးတစ်လုံးချန်ပြီးတော့ တောင်းရမှာပါ




-Yes, I’m sure ကိုရွေးပါ




-နှစ်ခုလုံးကို အမှန်ခြစ်ပါ ပြီးရင်
-I accept




လိုအပ်သည်များကိုဖြည့်၍ လူကြီးမင်းတို့၏ Gmail တွင် unlock number ကို ယူလို့ရပါပြီ

-SD card ထဲကို CWM-SuperSU-v0.93 ထည့်၍ ဖုန်းထဲသို့ထည့်ပါ
-လူကြီးမင်း၏ဖုန်းကို Power ပိတ်လိုက်ပါ
-ပြီးလျှင် back key ကိုနှိပ်၍ cable ထိုးပါ
-လူကြီးမင်းတို့ဖုန်းတွင်မီးပြာလေး လင်းလာရင်ရပါပြီ
-ပြီးလျှင် လူကြီးမင်း ကွန်ပြူတာတွင် cmd ကို ဝင်ပေးပါ



နောက်ပြီးရင် ဒီစားလေးရိုက်ပြီး ဖုန်းကို Lock ဖြည့်မယ်နော် ( fastboot -i 0x0fce oem unlock 0x………………)
0×0 မှာက (၀ ကတော့ သုညဖြစ်ပါတယ် အို မဟုတ်ပါ )   ( x ကတော့ abcd …..ရဲ့ x ဖြစ်ပါတယ်)

(0x……………….ကတော့ 0x ပြီးရင် လူကြီးမင်းတို့ရဲ့ Gmail ကရသော unlock number ကိုထည့်ရမှာပါ)




-unlock number ရိုက်ပြီး enter နိပ်လိုက်ပါက လူကြီးမင်းတို့ဖုန်းမှာ Lock ပြုတ်သွားပါပြီ
-နောက်တစ်ဆင့်ကတော့ img file ထည့်ရမှာပါ
-cmd box မှာ fastboot flash boot elf ပြီးရင် enter နိပ်ပါ  (img file နေရာမှာ လူကြီးမင်းတို့ဆွဲထားသော elf  ကို ထည့်ရမှာပါ)



enter နိပ်ပြီးပါက ဖုန်း၏ Volume Down  ကို ဆက်တိုက်နိပ်ပါ ထိုအခါဖုန်းသည် Recovery Mode ထဲကို ဝင်သွားပါလိမ့်မည်
Recovery Mode ထဲသို့ရောက်ရှိပါက install zip form SD card ကို ဝင်ပါ
ပြီးလျှင် Choose zip from SD card ထဲ ကို ဝင် ပါ
အဲဒီထဲမှ စောစော က ထည့်ထားသော CWM-SuperSU-v0.93 ကို zip ဖြေလိုက်ပါ
ပြီးလျှင် phone ကို Reboot ချ လိုက် ပါ (Reboot system now)
Power ပြန်တက်လာသော အခါ လူကြီးမင်း၏ဖုန်းမှာ Root ပေါက်ပြီးဖြစ်နေပါမည် ။

ဖုန်းကို CWM Recovery ထည့်ပြီးသွားပြီဆိုရင် SD ကဒ်ထဲမှာထည့်ထားရမှာက CWM Super SU

လေးပဲဖြစ်ပါတယ် (http://bit.ly/URnWoT )

ဒီနည်းအတိုင်းတလွဲမသွေလုပ်ရမယ့် မော်ဒယ်တွေကတော့
အောက်မှာပါ..အားလုံးအတူတူပါပဲ.ဘယ်နေရာလေးကွဲသွားလဲဆိုတော့သူ နဲ့ ပါတ်သတ်တဲ့ img ဖိုင်လေးဆဲထည့်ရတဲ့ နေရာမှာပဲကွဲသွားမှာပါ..

Xperia sola ( http://bit.ly/13C4ThC )

Xperia U ( http://bit.ly/13C5Mqy )

Xperi P ( http://bit.ly/13C4Y57 )

# How To Root LG,

## How to Root LG Optimus L9, LG Lucid 4G

လိုအပ်တာလေးတွေ ဒေါင်းလော့ယူပါ ( [http://bit.ly/XU6kVn](http://bit.ly/XU6kVn) Root File )

LG Driver ( [http://www.mediafire.com/?8xb50uktar8096i](http://www.mediafire.com/?8xb50uktar8096i) )

ပြီးရင်လာလာတာကို ဖစ်ဖြည်လိုက်ပါ .အဲဒီမှာ RumMe.bat ဖိုင်လေးတခုပါ ပါတယ်..အရင်ဆုံးဖုန်းကို USB Debugging တွေ On ထားပေးပါ .ထို့ နောက်ဖုန်းကို ပါဝါပွင့်လျှက်နဲ့ ကွန်ပျူတာ

တွင်ကြိုးဖြင့်ထိုးလိုက်ပါ ထို့ နောက် အပေါ်က Root File ထဲက RunMe.bat ဖိုင်ကိုဖွင့်ပြီးတော့ 1 ကိုရိုက်

ပါပြီးရင် Enter ခေါက်ပါ .




ထို့ နောက်မိမိဖုန်းကို ပြန်ကြည့်ပါ.အဲဒီမှာ do not restore နှင့် restore my data ဆိုတာလေးပေါ်လာရင်

Restore my data ကိုရွေးပေးပါ..10 စက္ကန့် အတွင်းဖုန်းက reboot ကျသွားမှာပါ ပါဝါပြန်တက်လာရင် တော့

ဖုန်းက Root ပေါက်ပြီးဖြစ်နေပါလိမ့်မည်..။

# How To Root **LG Optimus L7**

LG Optimus L7 ကို Root ဖို့ အတွက်လိုအပ်တာလေးတွေ ဒေါင်းပေးပါ

LG Driver ( http://www.mediafire.com/?8xb50uktar8096i )

Root Tool ( http://bit.ly/XUquhS )

Root Tool ကို ဒေါင်းလော့ဆွဲ၍ ဇစ်ဖြည်လိုက်ပါ ထို့ နောက်ဖုန်းကို ပါဝါဖွင့်လျှက်နဲ့ ပဲ ကွန်ပျူတာတွင်

ချိတ်လိုက်ပါ. ထို့ နောက် Root Tool ဖိုင်ထဲမှာ rooting.bat အမည်ပါတာလေးကို Run ပေးပါ..ဖုန်းက

သူ့အလိုလို Restart ကျသွားပါမယ်..ပါဝါပြန်တက်လာရင် Root ပေါက်သွားပါပြီခင်ဗျ..

# How To Root LG-E612,LG-E610,P8800

LG-E612 ကို Root ဖို့ အတွက် ကွန်ပျူတာမှာ LG Driver ထည့်ပေးထားပါ .

LG Driver ( http://www.mediafire.com/?8xb50uktar8096i )

Root File ( http://bit.ly/13GHk7A )

ဖုန်းမှာ USB Debugging တွေ On ထားပါ..ပြီးရင်ဖုန်းကိုပါဝါဖွင့်လျှက်နဲ့ ကွန်ပျူတာတွင် တက်လိုက်ပါ

ထို့ နောက် ကွန်ပျူတာ ၏ My Computer တွင် LG-E612 ဆိုပြီးပေါ်လာမှာပါ..အဲဒီ အထဲကိုသွားပါ ပြီးရင်

Internal Storage ထဲတွင် Root File ကို ဇစ်ဖြည်၍ ထွက်လာသော IS11LG_SystemBackupTest.signed.apk လေးကို ထည့်ပေးပါ..( SD ကဒ်ထဲထည့်လို့မရဘူးနော် )

ပြီးရင်ကွန်ပျူတာနဲ့ချိတ်ထားရာကနေပြန်ဖြုတ်ပါ . ဖုန်းရဲ့ File Manager ကိုသွားပါ..အဲဒီမှာ ဆောနက ထည့်ထားတဲ့ IS11LG_SystemBackupTest.signed.apk ဒီဆော့ဝဲလ်လေးကို install ယူပါ ..ပြီးရင် Done မလုပ်ပါနဲ့ Open တန်းလုပ်လိုက်ပါ..ထိုနောက် .အဲဒီဆော့ဝဲလ်လေးရဲ့အလည်တည့်တည့်မှာ Hello World

ဆိုတဲ့စာတန်းလေးပေါ်နေရင်..ဖုန်းရဲ့ပါဝါခလုတ်ကို ဖိပါ.ထို နောက် Restart ကိုနှိပ်၍ ဖုန်းကို Restart ချလိုက်ပါ

( ထို ထည့်ထားသော ဆော့ဝဲလ်အားဝင်ထားလျှက်နဲ့ပဲ ပါဝါခလုတ်ကိုဖိနော်.. အပြင်ကို မထွက်နဲ့ ..)

ပြီးရင်ဖုန်းက Restart ကျပြီးလာ ပြီးပြန်တက်လာရင် Root File ကိုဒေါင်းလော့ဆွဲပြီးတော့ဖစ်ဖြည်လိုက်ရင်

root.bat ဆိုတဲ့ bat ဖိုင်လေးတခုပါ မှာပါ..အဲဒါကို ဖုန်းကိုပါဝါဖွင့်လျှက်နဲ့ ပဲ ကွန်ပျူတာမှာချိတ်ပါ ။ ပြီးရင်

ဖုန်းမှာ Charge only ကိုရွေးပေးပါ.ပြီးရင် ကွန်ပျူတာပေါ် ့ ဆောနက root.bat လေးကို Run
ပေးပါ..ဘာမှမလုပ်နဲ့ နော်..သူ့ ဘာသူ လုပ်သွားလိမ့်မယ်.ခဏနေရင် reboot ကျသွားမယ်..ဖုန်းပါဝါပြန်တက်

ရင် Root ဖောက်ပါပြီ ။ အားလုံးးအဆင်ပြေမှာပါ..ကျွန်တော်လက်ရှိလုပ်နေတာလေးတွေပါ

# How to Root LG Optimus VU P895, LG P895, P690

LG Optmus VU P895 ကို Root ဖို့ အတွက် က Super One Click 2.3 နဲ့ ဖောက်လို့ ရပါတယ်..

ကျွန်တော်တို့ အဲဒါနဲ့ ပဲ ဖောက်ပါတယ်.။။( Root ကိုနော်..)

Root ဖောက်နည်းတွေက အပေါ်မှာ ပါပြီးသားတွေဖြစ်နေလို့..ကျွန်တော်ထပ်မရှင်းပြတော့ဘူးနော်.

## *How to Root LG Optimus L3 E400*

လိုအပ်တဲ့ ဒေါင်းလော့ဖိုင်လေးကိုဒေါင်းပါ.

Root File ( http://bit.ly/13HHdsk )

ဒေါင်းလို့ ရတာကို ကွန်ပျူတာပေါ်မှာဇစ်ဖြည်ပါ ဖုန်းကိုပါဝါဖွင့်လိုက်ပါ . ပြီးရင် ကွန်ပျူတာမှာချိတ်ပါ ။

ပြီးရင်ဒေါင်းလော့ယူထားတဲ့ Root File ကိုဇစ်ဖြည်လိုက်ရင် အထဲမှာ Root.bat ဖိုင်တခုပါ ပါတယ်.အဲ

ဒီ Bat ဖိုင်ကို Run ပေးလိုက်ပါ..ပြီးရင် ဖုန်းမှာပြန်ကြည့်လိုက်ပါ.ဖုန်းက 10 စက္ကန့် အတွင်းဖုန်းက Reboot

ကျသွားမှာပါ..ဖုန်းပါဝါတက်လာရင်တော့ Root ပေါက်သွားပါပြီ ။

# How to Root LG Optimus Black P970 , P500

**Unlock Root Tool** အဲဒါနဲ့ Root ဖောက်လို့ ရပါတယ်..Unlock Root Tool ကို ဒေါင်းလော့ဆွဲပါ .

ဖုန်းကို ပါဝါဖွင့်လျှက်နဲ့ပဲကွန်ပျူတာနဲ့ ချိတ်လိုက်ပါ . ပြီးရင် Unlock Root Tool မှာပါ တဲ့ Root ဆိုတဲ့

ဘောက်လေးကို ကလစ် တချက်နှိပ်ပေးပါ..ဒါဆိုရင်ဖုန်းက သူက Root စသွင်းသွားပါလိမ့်မယ်

သူက ဖုန်းကို Reboot ချမှာလား မေးရင် Yes ကိုရွေးပေးလိုက်ပါ ။.ပါဝါပြန်တက်လာရင်

အိုကေသွားပါပြီ ။ ( http://bit.ly/W6RVLn )(ကျွန်တော် LG ဖုန်းတွေကို အကုန် Root
ဖောက်ဖူးပါတယ်..ခက်တာက 10 လုံးမှာ 4 လုံးလောက်ကတော့ မြန်မာစာကို အမှန်အတိုင်းမမြင်ရတာပါပဲ )

# How To Root HTC

အားလုံးမင်္ဂလာပါခင်ဗျ ကျွန်တော်အပေါ်မှာ Samsung, Huawei , Sony Ericsson , LG တွေ Root နည်းကိုစုံစုံလင်လင် လေး ဖြစ်အောင် စုစည်းပြီးတော့ရှာဖွေပေးထားပြီးတော့ စုစည်းပေးထားပါတယ်.အခု လာမှာက HTC ပါ . HTC က တကယ်တော့ လွယ်လွန်းပါတယ်..ခက်တဲ့နေရာဆိုလို့ တခုပဲရှိပါတယ် Unlockbootloader ဖြည်တာပါပဲ..Lockသာပြယ်သွားရင်ကျန်တာတွေလွယ်လွန်းသွားပါပြီကျွန်တော်ဆိုတော်တော်လေးကိုလည်သွားတယ်ဗျာ..ဘာမှမသိခင်ကပေါ့.ပြီးတော့ ကျွန်တော့ရဲ့ဆရာ  ကိုအောင်သီဟ ကသေသေချာချာတိတိကျကျလေး သေးနားကနေ တိုက်ရိုက်သင်ပေးသွားတော့လည်းစိတ်ထဲမှာ"လွယ်တာဟ " ပေါ့..တကယ်လည်းလွယ်ပါတယ် ။ မသိခင်ကတော့ခေါင်းကိုကိုတ်သွားတာပဲ ။ အခုလို ကျွန်တော့်ကို သင်ပေးပါသော ကိုအောင်သီဟ အားအထူးပင်ကျေးဇူးတင်မိပါသည်..ကျွန်တော့်အကျင့်ကကျွန်တော့်မှာရှိတဲ့ပညာမဆိုလက်ဆင့်ကမ်းဖို့ ကအဆင့် ဆိုတော့ဒီ စာအုပ်လေးတအုပ်ဖြစ်လာခဲ့ပါကောဗျာ.

## How To Unlockbootloader HTC

မင်္ဂလာပါခင်ဗျ.ကျွန်တော်အပေါ်မှာပြောခဲ့သလိုပဲ HTC တွေကို Root ဖောက်တော့မယ်ဆိုရင် Unlock ကိုတော့ ဖြည်ရမှာပါ ။ Unlock ဖြည်ဖို့ ဆိုတာကလည်း လွယ်ပေမယ့် အကောင့်မရှိရင် အကောင့်တွေ ဘာတွေလုပ်ရသေးတာကိုး.ပြီးတော့ တော်ယုံ Connection နဲ့ လောက်ကတော့မေး ပြန်မလာပါဘူး ( မေးလာဖို့ နေနေသာသာမေး တောင်ထွက်မသွားဘူးဟီးးးး အဲလောက်တောင်လိုင်းကောင်းတာ...ဒါပေမယ့် ကျွန်တော်က 4MB ဆိုတော့မေးလည်းထွက်တယ်..ပြီးတော့ 5 မိနစ်အတွင်းလည်းမေး ပြန်ဝင်ပါတယ် .. ) ကြွားပုံများးးးဟီးး

အရင်ဆုံးမိမိကွန်ပျူတာမှာ Android SDK ကို Run ထားပေးပါ (http://forum.xda-developers.com/showthread.php?t=1152148 ) အဲဒီမှာပါ..ဒီစာအုပ်မှာတော့ ဘာသာမပြန်တော့ဘူးနော်..နောက်ထွက်မယ့်စာအုပ်မှာတော့ပါလာလိမ့်မယ်..ဒါပေမယ့်လွယ်ပါတယ်..အဆင်မပြေပခဲ့ဘူးဆိုရင်တော့ COA  နဲ့ ဆက်သွယ်ပြီးတော့ Admin တွေကို ဒုက္ခပေးလို့ ရပါတယ်။။

1. အရင်ဆုံး HTCDEV ကိုသွားပြီးတော့အကောင့် လုပ်ပါ  http://www.htcdev.com/  (အကြံပေးပါတယ် Google Chome နဲ့ သုံးပေးပါလို့ ..အကောင့်ရှိပြီးသားဆိုရင်မလိုပါ )

2. ထို့နောက် ထို HTC တွင်ပဲ Unlock bootloader လေးကိုကလစ်လိုက်ပါ..ပြီးရင် Get Started နှိပ်ပေးပါ




3. ထို့နောက်သူက စာမျက်နှာတခုကိုရောက်သွားပါမယ်.အဲဒီမှာ မိမိဖုန်းရဲမော်ဒယ်ကိုရွေးပေးပြီးတော့ Begin Unlockbootloader ဆိုတာလေးကိုနှိပ်ပါ..အကယ်၍ မိမိဖုန်းမော်ဒယ်က သူပေးထားတဲ့စာရင်းထဲမှာမ ပါခဲ့ဘူးဆိုရင်တော့ All Other Supported Models ကိုရေးပေးပါ..




ကျွန်တော်က HTC One X ကို လုပ်မှာဆိုတော့ သူပေးထားတဲ့စာရင်းထဲမှာမရှိပါဘူးအဲဒီတော့ All Other Supported Models ကိုရေးပေးပါတယ်.

4. ပြီးရင် သူက ဘောက်လေးတခုနဲ့ စာလေးတွေမေးလာပါတယ်..Yes ကိုရွေးပေးပါ




5. နောက်တခုထပ်မေးပါမယ်..အမှန်ခြစ်လေးတွေ ပေးပြီးတော့ Proceed To Unlcok Instructions ကိုနှိပ်ပေးပါ




ပုံလေးတွေကိုနည်းနည်းပုထားတယ်.နေရာ မလောက်လို့ ပါ

6. ထို့နောက်သူက အဆင့်လေးဆင့် လောက်လုပ်ခိုင်းပါလိမ့်မယ်.ကျော့လိုက်ပါ..အောက်မှာ Proceed To Step 5 ကို ကလစ်တချက် နှိပ်၍ ကျော်လိုက်ပါ .




7. ပြီးရင် နောက်စာမျက်နှာတခုကိုထပ်ရောက်ပါမယ်..အဲဒီမှာ လည်း Preceed To Step 8 ကိုနှိပ်၍ အဆင့်ကျော်လိုက်ပါ



8. ပြီးလို့ ရှိရင် နောက်တဆင့်ကိုရောက်ပါမယ်. အဲဒီအဆင့်မှာခဏထားလိုက်ပါ ပြီးရင် ဖုန်းကို Volume Don & Power ဖိ၍ (သို့ ) cmd ကွန်း မန့် မှ adb reboot bootloader လို့ ရိုက်လိုက်ပါ ဒါဆိုရင်ဖုန်းက Fastboot ဝင်ပါ ပုံမှာတချက်ကြည့်လိုက်ပါ . ဖုန်းက ပါဝါ ပိတ်လျှက်ဆိုရင်တော့ Volume Down & Power ဖိ၍ ဝင်ပါ . အကယ်၍ ဖုန်းက ပါဝါဖွင့်လျှက်နဲ့ ဆိုရင်တော့ cmd ကနေ အပေါ်မှာရေးထားတဲ့ ကွန်း မန့် နဲ့ သွားပါ . အဆင်ပြေပါမှာပါ




အဲဒီအပေါ်ကပုံမှာကြည့်ပါ..အပေါ်ဆုံးဘားမှာ LOCKED လို့ ရေးထားပါတယ်..အဲဒါကို UNLOCKED အဖြစ်ပြန်ပြောင်းမှာပါ..အဲဒီလို Unlock ဖြည့်ပြီးကာမှ Root ရမှာပါ ။။။

9. ဖုန်းက Fastboot ဝင်ပြီးသွားပြီဆိုရင် ကွန်ပျူတာကြိုးထိုးလိုက်ပါ ။ ပြီးရင် Android Control ဖိုဒါထဲတွင် Shift + Right Click




ဆိုလိုတာက အဲဒီ Android Control ဖိုဒါထဲကမှာ ကီးဘုတ်ပေါ်က Shift ကိုဖိပြီးတော့ Right Click ကို တွဲဖိပေးထားပါ ။ အဲဒီမှာဆိုရင်ဘောတခုကျလာပါမှာပါ..Open Command Window Here ဆိုတာလေးကို နှိပ်ပေးလိုက်ပါ ဒါဆိုရင် cmd box လေးပေါ်လာပါပြီ..အဲဒီမှာ အလုပ်လုပ်ပါမယ်

10. Cmd box မှာ ( fastboot oem get_identifier_token ) ဆိုပြီး Enter ခေါက်ပါ။




11. ပြီးရင် cmd box မှာ token တွေ ကျလာမှာပါ.အဲဒီ Token တွေပေါ်ကို Right Click နှိပ်၍ Mark ကိုနှိပ်ပေးပါ . ပြီးရင် Select မှတ်ပေးပါ ...မှတ်တဲ့နေရာမှာလဲ ( <<<<Identifier Token Start>>>> ဆိုတဲ့ နေရာကနေ စပီးတော့ Select ဆွဲပါ ပြီးရင်နောက်ဆုံးက <<<<Identifier Token End>>>>) အထိပါ...ပုံလေးထဲကိုသေသေချာချာကြည့်လိုက်ပါ



12. ပြီးရင် ကျွန်တော်တို့ ဟိုဘက်မှာ ( အဆင့် 7 မှာထားခဲ့တဲ့ နေရာကိုပြန်သွားပါမယ်..အဲ့ဒီမှာ အကွက်လေးတကွက်ပါ မှာပါ .အဲ့ဒီ အကွက်မှာ ကျွန်တော်တို့ Mark လုပ်ထားတဲ့ Token တွေ သွားချမှာပါ ..




ပြီးရင် Submit ကို နှိပ်ပေးပါ ..ဒါဆို ရင် သူ က ကိုယ့် Emai ထဲကို မေးပြန်ပို့ ထားပါ့မယ်...bin လေးတခုကိုပေါ့... ပြီးရင် မိမိ Email ထဲပြန်စစ် ကြည့်လိုက်ပါ ..အကယ်၍ အဲ့ဒီနေ ရာမှာ ကုဒ်မကထွက်သွားဘူးဆိုရင် Submit လုပ်တဲ့အဆင့်မှာပြန်လုပ်ပါနော်..( Error ဖြစ်ခဲ့မယ်ဆိုရင်ပြောတာပါ ..ကျွန်တော်ကတော့ မေးတခု ရောက်ဖို့ မဆို နဲ့ ဒီကနေထွက်သွားဖို့ ကို တော်တော်လေးကို ထပ်ခါထပ်ခါ ပြန်လုပ်လိုက်ရတယ်. )

13. ကိုယ်ပို့ လိုတ်တဲ့ မေးက အောင်မြင်စွာထွက်သွားတယ်ဆိုရင် ဒီအောက်ကပုံလိုပေါ်မှာပါ.အကယ်၍ Error တက်ခဲ့ရင်ပြန် ပို့ ပေးပါ..




14. ထို အခါ မိမိမေးထဲကို HTC မှာ bin လေးတခု ပြန်ပို့ ပေးပါလိမ့်မယ်..အောက်မှာမေးဝင်လာတာပါ






အဲဒီမှာ Unlock_co.bin ဆိုတာလေးတွေ့မှာပါ..အပေါ်ဆုံးထိပ်မှာပါ ။ အဲဒီ .bin လေးကိုဒေါင်းလော့ဆွဲ၍ Android Control ဖိုဒါထဲတွင်ထားပေးပါ ..( ဖုန်းကို ကွန်ပျူတာနဲ့ တွဲလျှက်နေရာကနေ မဖြုတ်ပါနဲ့ဦး)

15. Cmd box တွင် အောက်ပါ ကွန်းမန့် လေးကို ရေးပေးပါ (**fastboot flash unlocktoken Unlock-co.bin**) လို့ ရိုတ်ပြီး Enter ခေါက်ပါ ဒါဆိုရင်ဖုန်းမှာ Bootloader ပြယ်သွားပါပြီ ။



Yes ကိုရွေးပေးပါ..( Volume Up ကအပေါ် ..ရွေးဖို့ က Power ကိုဖိပေးရမှာပါ )

16. ပြီးရင်ဖုန်းကိုကွန်ပျူတာကနေ ဖြုတ်လို့ ရပါပြီ..အဲဒီအခါ မိမိ ဖုန်းဟာ Unlock ဖြစ်သွားပါပြီ..




အခုဆိုရင် HTC ဖုန်းတလုံးကို အောင်မြင်စွာ Unlock Bootloader ပြုလုပ်ပြီးဖြစ်ပါသည် ။

HTC ဖုန်းတွေကို Unlock လုပ်ပြီးသွားပီဆိုရင် တော့ ကျွန်တော် တို့ မြန်မာဖောင့်ကို လွယ်ကူစွာထည့်လို့ ရပါပြီ

ထည့်နည်းကလည်း အမျိုးမျိုးရှိပါတယ်.. အသုံးပြုပုံခြင်းကကွဲသွားပေမယ့် နောက်ဆုံး Root ပေါက်ဖို့ နဲ့ Font

အတွက်ပဲ ရည်ရွယ်တာဆိုတော့ မိမိတို့ အဆင်ပြေသည့်နည်းလမ်းဖြင့် ပြုလုပ်လို့ရပါတယ်.ကျွန်တော်ကတော့ထုံး

စံအတိုင်း CWM Recovery အရင်သွင်းတယ်.ပြီးရင် HWMMFont နဲ့ CWM Super Su ထည့်တယ်..ဒါဆို ပြီး

ပြီလေ..ဘာလို လိုဝူးအခု ကျွန်တော်အပေါ်မှာလုပ်ခဲ့ တဲ့ဖုန်းက HTC One X ပါ..အခု HTC One X ကိုပဲ

CWM Recovery ထည့်နည်းနဲ့ Root & Font ထည့်နည်းလေးပြောပြသွားပါမယ်..( ကျွန်တော်အပေါ်မှာ Huawei တွေအတွက် CWM Recoveyr .bat ဖိုင်လုပ်သလို ပြန်ပြင်ချင်ရင်ရပါတယ်.နော်..နားမလည်တာရှိရင် mr.chateauman@gmail.com ကိုမေးလို့ရပါတယ် (သို့ ) Collection Of Android ကိုလည်းဆက်သွယ်၍ မေးမြန်းနိုင်ပါတယ်. )

# How To Install CWM Recovery & Root for HTC One X

HTC One X ကို အရင်ဆုံး CWM Recovery သွင်းမယ်..ပြီးရင် CWM Super Su ထည့်မယ်..ပြီးရင် HWMMFont

ထည့်မယ် ဒါဆိုရင် ကျွန်တော်တို့ အတွက်အဆင်ပြေပြီ ။

CWM Recovery .img ကိုဒီမှာဒေါင်းပါ ( http://bit.ly/Xz0IDD )

ပြီးရင် ဖုန်းကို Fastboot သို့ ဝင်ပေးပါ ( Volume Down & Power ) or ( adb reboot bootloader )

ဖုန်းမှာ Fastboot ဝင်ပြီးပီဆိုရင် ကွန်ပျူတာနဲ့ ချိတ်ပါ ထို့ နောက် ကွန်ပျူတာ၏ cmd box တွင် ကွန်းမန့် ကိုရိုက်ပါ ( fastboot flash recovery ( ဒီမှာ ဒေါင်းလော့ယူထားတဲ့ recovery.img ကိုဆွဲထည့်ပါ)) ပြီးရင် Enter ခေါက်ပါ



ပြီးရင် အဲဒီ cmd box မှာပဲ  ဒီကွန်းမန့် ကိုဆက်ရေးပါ  ( fastboot reboot ) ပြီးရင် Enter ခေါက်ပါ ဖုန်းက Reboot ကျသွားမှာပါ . ပါဝါပြန်တက်လာရင် CWM Recovery သွင်းပီးဖြစ်နေပါလိမ့်မည်..ထို နောက်  CWM Super SU  ကို ဖုန်းရဲ့  SD ကဒ်ထဲထည့်ပေးထားပါ ။ ထို့ နောက်ဖုန်းကို recovery ထဲသို့ ဝင်လိုလျှင်  cmd box တွင် ဒီကွန်းမန့်ကိုဆက်ရေးပါ  ( adb reboot recovery ) ပြီးရင် Enter ခေါက်ပါ.ဒါဆို ဖုန်းက CWM Recovery ထဲကိုရောက်သွားမှာဖြစ်ပါတယ် ။ Recovery ထဲရောက်လျှင်

Install zip from sdcard >choose zip from sdcard > cwm super su.zip>Yes-install cwm su.zip ကိုရွေးပေးပါ  ။

ထို့ နောက် အပြင်ကိုပြန်ထွက်၍ reboot system now ကိုလုပ်ပေးပါ..ဒါဆိုရင်ဖုန်းဟာ ၁ ပါဝါပြန်တက်လာမှာပါ ဖုန်းပါဝါတက်လာရင် Root ပေါက်ပြီးဖြစ်နေပါလိမ့်မည်.။။

HTC အတွက်  CWM Recovery .img တွေ အောက်မှာလင့်နဲ့ တကွပေးထားပါ့မယ်..အဲဒီ မှာပါတာအားလုံးက အခုပြောပြခဲ့တဲ့နည်းလမ်းနဲ့ ပဲ လုပ်ရမှာပါ..ဘာတခုမှမလွဲပါဘူး။

CWM for HTC Amaze http://bit.ly/YCuN5z

CWM for HTC Desire http://bit.ly/Xg69Xh

CWM for HTC Desire CDMA http://bit.ly/YCz6xJ

CWM for HTC Desire HD http://bit.ly/Xg9N3g

CWM for HTC Desire S http://bit.ly/Xg9OUZ

CWM for HTC EVO 3D (GSM) http://bit.ly/Xg9V2L

CWM for HTC Droid DNA http://bit.ly/Xg9WDU

CWM for HTC Evo http://bit.ly/Xga6el

CWM for HTC EVO 3D http://bit.ly/XgabyL

CWM for HTC Evo Shift http://bit.ly/YCzJHD

CWM for HTC EVO View 4G http://bit.ly/YCzQ5T

CWM for HTC EVO LTE http://bit.ly/YCzZGw

CWM for HTC G2 http://bit.ly/YCA3pQ

| | |
|---|---|
| CWM for HTC Hero (CDMA) | http://bit.ly/YCA7WB |
| CWM for HTC Hero (GSM) | http://bit.ly/YCAald |
| CWM for HTC HD2 | http://bit.ly/XgaGbZ |
| CWM for HTC Holiday | http://bit.ly/XgaI3M |
| CWM for HTC Incredible (CDMA) | http://bit.ly/XgaOZc |
| CWM for HTC Incredible 2 | http://bit.ly/XgaR7i |
| CWM for HTC Magic | http://bit.ly/YCAvEE |
| CWM for HTC MyTouch 4G | http://bit.ly/YCAxfv |
| CWM for HTC Incredible S | http://bit.ly/YCACjl |
| CWM for HTC MyTouch 4G Slide | http://bit.ly/YCAGj6 |
| CWM for HTC One S | http://bit.ly/YCAKQ2 |
| CWM for HTC One X (GSM) | http://bit.ly/YCAQXI |
| CWM for HTC Pico | http://bit.ly/Xgbjm3 |
| CWM for HTC Thunderbolt | http://bit.ly/Xgbn5l |
| CWM for HTC Rezound | http://bit.ly/XgboG9 |
| CWM for HTC Sensation | http://bit.ly/XgbpKk |
| Dream | http://bit.ly/XgbvS7 |
| CWM for Wildfire S CWMA | http://bit.ly/XgbygI |
| CWM for Wildfire S | http://bit.ly/XgbBJv |
| HTC ClickTattoo | http://bit.ly/XgbAFz |

# What is Custom ROM ?

Custom ROM က ဘာလဲဆိုတာမေးပိုင်ခွင့်ရှိပါတယ်.. လူတော်တော်များများကလည်း အဲဒီ Custom ROM ဆိုတာကိုမသဲကွဲဘူးလို့ထင်ပါတယ်. ကျွန်တော်နားလည်သလောက်ရှင်းပြမယ်နော် ။ ကျွန်တော်တို့ မှာ Huawei ဖုန်းတလုံးရှိတယ်ဆိုပါတော့ ။ အဲဒီဖုန်းကို ကျွန်တော်တို့ က ဝယ်ကတည်းက အဲဒီအတိုင်းပဲ ဂိမ်းဆော့မယ်. ဆော့ဝဲလ် သုံးမယ် အဲဒီလောက်အထိ ပဲသုံးတဲ့လူတွေကတော့ သိပ်ပြသနာမရှိပေမယ့် ကိုယ်ကိုင်တယ်တဲ့ဖုန်းကို ကိုယ့်စိတ်တိုင်းကျ လေးလုပ်ချင်တယ် . ဖုန်းက ပါဝါတက်ရင် မိမိ ရဲ့ဓါတ်ပုံလေးနဲ့ တက်တာလိုချင်လား ဒါမှမဟုတ်ကောင်မလေး ပုံနဲ့ တက်တာ လိုချင်လာ ‌း ပြီးတော့ ဖုန်းထဲမှာ ရှိတဲ့ Setting တွေကို လည်းပေါက်တက်ကရ လုပ်ချင်တဲ့လူတွေ အတွက်တော့တော်တော်လေးကိုအသုံးဝင်ပါတယ်တချို့ ဆိုရင် Offical Firmware ဆို သိပ်မကြိုက်ဘူး ( ကျွန်တော်ကအစပါ ) . တချို့ ဆိုရင် Custom ROM ကို သိပ်မကြိုက်ကြဘူးဒါက ဒီလိုပါပဲဖြစ်တက်ပါတယ်..ကျွန်တော် Custom ROM နဲ့ Offical Firmware တို့ ရဲ့ အားသာချက်ကို လက်လှမ်းမှီသလောက်ပြောပြမယ်နော် . အမှားပါရင်လည်းခွင့်လွှတ်ပေးစေချင်ပါတယ်

## Offical Firmware

Offical Firmware ဆိုတာက အဲဒီဖုန်းအမျိုးအစားအတွက် ကုမ္ပဏီ ကနေ တရားဝင် အသုံးပြုခွင့်ပေးထားတာပါမိမိ ကိုင်နေတဲ့ဖုန်းက Sony ထားပါတော့ .အဲဒီ Sony ဖုန်းဟာ တနေ့ မှာအခန့်မသင့်လို့ Firmware သေသွားမယ်ဆိုရင် Firmware ပြန်တင်နိုင်အောင်လို့ Sony ကုမ္ပဏီကနေ တရားဝင် ထုတ်ပေးထားတာပါ .. အဲဒီလို တရားဝင် ထုတ်ပေးထားတဲ့အတွက် Sony ဖုန်းကို အဲဒီ Firmware တင်လို့ ဘာမှ Error ဆိုတာမရှိပါဘူး ‌း 100% သေချာပါတယ်။ ဒါပေမယ့် သေချာတာ တခုကတော့ ကျွန်တော်တို့ ရာ မရိုး နိုင်သေးတဲ့ Sony ရဲ့ဒီပုံစံကြီးပဲပြန်သုံးရမှာလေ..အဲဒါတော့ရှိတယ်..Firmware 10 တင်ရင် 10 ခါလုံးက ဒီပုံစံကြီးပဲဆိုတော့ ကြာတော့လည်းရိုးသွားမှာပဲလေ..ပြီးတော့ Offical Firmware ရဲ့ဖိုင်ဆိုဒ်က တော်တော်ကြီးတယ်. Firmware တခါပြန်တင်ဖို့ ဆိုရင် အဲဒီ Firmware ရလာဖို့ က တော်တော်လေးကိုဒေါင်းယူရမယ်...အဲဒါကအားသာချက် နဲ့ အာနည်းချက်နော်. အားသာချက်က ( 100% Error ကင်းတယ် ,,အားနည်းချက် က အဲဒီ Firmware တခုရလာဖို့ ကိုအချိန်ယူပြီးတော့ဒေါင်းလော့ဆွဲရတယ် ပြီးတော့ မိမိ ဟာဖုန်းကို ဒီဇိုင်း လန်းလန်းလေးသုံးချင်ပေမယ့် ..အဲဒီ မူရင်း ဒီဇိုင်းပဲသုံးရတယ်..launcher သုံးတယ်ဆိုတာကလည်း စက်လည်းလေးတယ်..ပြီးတော့ သူက အပြင် ဒီဇိုင်းလေးပဲ ပြောင်းသွားတာပါ ..ဖုန်းအထဲမှာရှိတဲ့ ပုံစံတွေဘာတခုမှ ပြောင်းမသွားဘူး။အဲဒီတော့ ကျွန်တော်တို လိုလူငယ်တွေ နဲ့ တွေ့ ရင်တော့ အဲဒါက တော်တော်အားနည်းချက်ပေါ့ ။။

## Custom ROM

Custom ROM ဆိုတာက အဲဒီဖုန်းအမျိုးအစားအတွက် ကုမ္ပဏီ မှ မဟုတ်ပဲ အခြား Android Developer တွေက တီထွင်ထားတာပါ . သူ့ကို Firmware အတုလို့ လည်းပြောလို့ ရပါတယ်.ဒါပေမယ့်သူ မှာက အစစ်မဟုတ်တဲ့အတွက် အစစ်လို တော့ 100% Error ကင်းမှာမဟုတ်ပါဘူး Error ကင်းတာရှိသလို Error တက်တာတွေလည်းရှိပါတယ် နော်ကတခုက မိမိဟာ ရိုးရှင်းလှတဲ့ Sony ဖုန်းကို ကိုင်နေပေမယ့်လည်း အထဲမှာအသုံးပြုထားတဲ့ ဆော့ဝဲလ်က Custom ROM ဖြစ်နေတဲ့အတွက် ဒီဇိုင်းကိုအမျိုးမျိုးပြုပြင်လို့ ရပါတယ်. အဲဒီမိမိကိုင်နေတဲ့ ဖုန်းအတွက် Custom ROM တွေက အများကြီးရှိပါတယ်ရွေးချယ်စရာစုံပါတယ်. အဲဒီ Sony ဖုန်းကိုပဲ Window 8 ပုံစံတင်မလားးအဲဒီပုံစံတင်လိုက်ရင် ကြိုက်သလိုစိစ်ပါ.လုံး၀ Window 8 အစစ်ပါ..iPhone ဒီဇိုင်းသုံးချင်လား ဒါမှမဟုတ် Samsung  လိုပုံစံလေးသုံးချင်လား ( Software ကိုပဲနော် ) လုံး၀ အမျိုးမျိုး ရွေးချယ်စရာစုံလင်ပါတယ်. ကျွန်တော်ဆိုရင် GT-I9100 ကိုင်ပါတယ်.ကျွန်တော်စကိုင်တုန်းက Offical Firmware က 4.0.4 ပဲထွက်သေးတာ ဒါပေမယ့် ကျွန်တော် မသုံးဘူး ဖုန်းရဲ့ SD ကဒ်ထဲမှာ GT-I9100 အတွက် Custom ROM ကို 5 ခုတောင်ထည့်ထားတယ်..တခုနဲ့တခုက မတူပါဘူး ဒီနေ့ ကျွန်တော့ဖုန်းရဲ့ ဗားရှင်းကိုကြည့်ရင် 6.1.1 ဖြစ်ချင်ဖြစ်နေတယ်..ဖုန်းအမျိုးအစားကလည်း GT-I9100 မဟုတ်တော့ဘူး GT-I9300 တွေ ဖြစ်လို့ ..မနက်ဖြန် ရောက်ရင်တမျိုးပြောင်းသွားရော..Build Number ကလည်း Edit By Chateau Man ပေါ့..ဟီးးအဲဒါပဲ..လူငယ်ဆိုတော့ သိတဲ့အတိုင်းပဲလေ..အဲလိုလေးမှမကလိလိုက်ရင် နည်းနည်းလေးမှ အငြိမ် မနေတက်တာ..အဲသလိုအဲသလို..အားသာချက်ပေါ့နော်..အားနည်းချက်တွေက Wifi,Bluetooth ,Camera , IMEI , Network , 3G , စက်တအားပူလာတာတို့ ...အစရှိသည်ပေါ့..အဲဒါတွကအယ်ရာတွေပါ..အဲဒီတော့ ကျွန်တော်တို့ ဟာ Custom ROM တင်မယ်ဆိုရင် တခုခြင်းဆီသေသေချာချာရွေးပေါ...Offical Firmware မှာက နိုင်ငံတူမှ ရပါတယ်..ပြီးတာ့ Build နံပါတ်လည်းတူရပါမယ်..Custom ROM မှာကမလိုပါဘူး GT-I9100 အတွက်ဆိုရင် ပြီးတာပဲသူ့ဘာသာသူ ဘယ်လောက်နဲ့လာလာ တင်သာတင်..တခုတော့ရှိတယ်..အယ်ရာကို တော့စစ် ဆေးပေးရတယ်..အယ်ရာရှိလဲ ဘာဖြစ်လဲ အဲဒီဖုန်းအတွက် အယ်ရာ ကင်းတဲ့ Custom ROM တွေ အများကြီးပါ..Custom ROM တွေထဲမှာ နာမည်အကြီးဆုံးက  MIUI ပါ..ပြီးရင် Shendu ပြီးရင် Shuame ပါ..အဲဒါတွေက အယ်ရာ တော်တော်ကင်းပါတယ်..ဒီဇိုင်းကလည်း မရိုးအောင်ထုတ်ပေးတယ်လေ..အဲလိုပေါ့နော်..အခုဆိုရင်ကျွန်တော် အားသာချက်အားနည်းချက်ကိုပြောပြီးသွားပါပြီ..မိမိဆုံးဖြတ်ရမှာက Custom ROM တင်ရင်ကောင်းမလား Offical Firmware ပဲတင်ရင်ကောင်းမလားပေါ့...

ကျွန်တော်ထင်ပါတယ်..အခုရှင်းပြသွားတာကို နားလည်လိမ့်မယ်လို့ပေါ့..ကျွန်တော့်တုန်းက အဲလိုရှင်းပြပေးမယ့် လူ လုံး၀ မရှိရိုးအမှန်ပါ.အဲဒီတော့ ကျွန်တော့်မှာရင်းခဲ့ရတဲ့ စက်ရုပ်တွေ မနည်းပေါင်..ဒါပေမယ့်လည်း Custom ROM ကိုအခုထိကြိုက်တုံးပဲ..ဒီစာအုပ်လေးပြီးသွားရင် ကျွန်တော် Custom ROM တွေဘက် လှည့်မှာပါ ..

# How To Install Custom ROM On Your Device

Android ဖုန်းတလုံးကို Custom ROM တင်တော့မယ်ဆိုရင် အဓိက လိုအပ်တာက Custom ROM ပါ .ဒုတိယလိုအပ်တာက CWM Recovery ပါ တတိယလိုအပ်တာက Offical Firmware ပါ .ဘာလို့ လဲဆိုတော့မိမိ ဟာ Custom ROMကိုတင်ရင်းနဲ့ မိမိဖုန်းမှာ Firmware သေသွားလို့ ရှိရင် အဆင်သင့် လေး ချက်ခြင်းပြန်တင်နိုင်အောင်လို့ ပါ ( ဟီးးးကြောက် သွားပြီလားးးစတာနော်.. နစ်ခုပဲလိုတာပါ..သုံးခုလုံးရှိရင်ပိုကောင်းတာပေါ့ )

## CWM Recovery ဆိုတာဘာလဲ ???

CWM Recovery ဆိုတာက clockworkmod Recovery ပါ...ရှင်းသွားတာပဲနော်.. သူ့ ရဲ့လုပ်ဆောင်ချက်တွေက မိမိဖုန်းတခုလုံးမှာရှိတဲ့ Firmware ပါ မကျန် Backup ယူလို့ ရပါတယ် ပြီးတော့ ကျွန်တော်တို့ .zip ဖိုင်တွေကို Install ယူတဲ့အခါ CWM Recovery ထဲကနေ ဝင်ပြီးတော့ Install ယူရတာပါ..သတိထားမိမှာပါ. update.zip တို့ .ပြီးတော့ gapps တွေဆိုရင် CWM Recovery ရှိမှ ရမှာပါ ။ ပြီးတော့အခုလို Custom ROM တွေတင်မယ်ဆိုရင် လည်း CWM Recovery ကလိုပါသေးတယ် . ဖုန်းတလုံး တလုံး ကို Recovery သွင်းနည်းက တူတော့တူပါတယ်..ဘာလို့ လဲဆိုတော့အဲဒီဖုန်းအမျိုးအစားအတွက် recovery.img ရှိရင် ရပီလေ..ပြီးတော့ CWM Recovery.bat ဖိုင်တွေလည်းပေါ်ပါတယ် .။ ဖုန်းတလုံးမှာ Original ပါလာတာက system recovery (3e) ပါ..အဲဒါကို ကျွန်တော်တို့ က CWM Recovery အဖြစ်ပြောင်းရမှာပါ...

ကျွန်တောတို့ တတွေ ဟာ ဖုန်းကို Custom ROM တင်မယ်ဆိုရင် လွယ်ပါတယ်..CWM Recovery ရှိမယ် Custom ROM ရှိမယ်ဆိုရင်တင်လို ရပါပြီ သူ့ မှာ Offical Firmware လို စည်းကမ်းတွေမရှိပါဘူးBuild number တွေလည်းကြည့်စရာမလို ပါ ..ပြီးတော့ ဖုန်းတလုံးကို Custom ROM တင်ဖူးသွားတာနဲ့ ကျန်တဲ့ ဘယ်ဖုန်းအမျိုးရဲ့ဘယ်မော်ဒယ်ကို မဆို တင်တက်သွားပါတယ် . ဘာလို လဲဆိုတော့ သူ မှာက တနည်းထဲပါ.။.ဖုန်းကို Custom ROM တင်မယ် ဆိုရင် CWM Recovery ထဲဝင်ပြီးတော့ Install ယူမယ်..ပြီးရင် Factory reset ချမယ်..ပြီးရင် reboot system now ကိုရွေးပေးမယ်.ဖုန်းပါဝါတက်လာရင် တော့ ပြီးသွားပါပြီ..Sony,HTC,Samsung,Huawei, Android အားလုံးအဲဒီအတိုင်းပါပဲ...လုံးဝလွယ်ကူပါတယ်။။။ ကျွန်တော် အောက်မှာဖုန်းတလုံးကို Custom ROM တင်နည်းလေးပြောပြောပေးပါ့မယ်..ဖုန်းအားလုံးကိုလုပ်နည်းကအတူတူပဲမို့ လို ..တခုပဲ နမူနာတင်ပေးတော့မယ်နော်. ပြီးတော့ CWM Recovery တွေကို ကျွန်တော် တော်တော် များများ ပေးထားပါတယ် ။အကယ်၍ထပ်ပြီး လိုအပ်တာလေးတွေ ရှိရင် Collection Of Android မှာတောင်းဆို နိုင်ပါတယ်..။

# How To Update Custom ROM 4.2.2 On Galaxy S2 GT-I9100




Galaxy S2 GT-I9100  ကို Custom ROM 4.2.2 သို့ မြှင့်တင်ရန်အတွက်အဓိက လိုပါတာက သုံးခုပါ
Custom ROM
CWM Recovery
Gapps for 4.2.2  ( ဒီ Software လေးက Gtalk,Gmail တွေကိုထည့်ပေးတာပါ.)
ပါ အရင်ဆုံးမိမိဖုန်းကို CWM Recovery သွင်းပါ...( ဤစာအုပ်၏ အပေါ်တွင် ပါသလို. COA တွင်လည်းထပ်မံ၍ တောင်းဆိုလို့ ရပါတယ် )

ပြီးရင် Gapps 4.2.2 ရယ် Custom ROM ရယ်.အဲဒီနှစ်ခုကို ဖုန်းရဲ့ SD ကဒ်ထဲကိုထည့်ပေးထားပါ .ထို့ နောက်ဖုန်းကို အရေးကြီးတာတွေကို Backup ယူထားပေးပါ. Battery ကိုလည်းအနည်းဆုံး 50% မှာထားပေးပါ ။ ထို့ နောက် ဖုန်းကို Volume Up & Home & Power ကိုဖိပေးထား၍ recovery ထဲသို့ ဝင်ပေးပါ Recovery ထဲရောက်လျှင်
install zip from sdcard>choose zip from sdcard>( Custom ROM) ကို Install ယူပေးပါ
install zip from sdcard>choose zip from sdcard>(Gapps ) ကို Install ယူထားပေးပါ.

wipe data/factory reset>Yes-delect all user ကိုရွေးပေးပါ
wipe cache >Yes-wipe cacheကိုရွေးပေးပါ .ပြီးရင်
reboot system now  ကိုရွေးပေးပါ .ဖုန်းက ပါဝါပြန်တက်လာရင်တော့ အောင်မြင်စွာ Custom ROM ကို တင်ပြီးဖြစ်ပါသည် ။

ကျွန်တော်ထပ်ပြီးတော့ အသိပေးပါရစေ ။ Custom ROM တွေ တင်နည်းက အတူတူပါပဲ.

အားလုံးအဆင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ် ။

ကျွန်တော်အခု ဒီ စာအုပ်လေးကို ဒီမှာတင်ပဲ အဆုံးသတ်ပါပြီ..

အားလုံးပဲ ကျွန်တော့စာအုပ်လေးကိုဖက်လိုတ်ရလို့ . အကျိုး မရှိရင်တောင်မှပဲ ။အသိလေး နည်းနည်းလောက် ဖြစ်ဖြစ် ရသွားရင် ကျွန်တော် အချိန် 2 လကျော်ပေး ပြီးရေးထားရတာတွေက တကယ့်ကို  ပိတိဖြစ်စေမှာပါ..အကယ်၍ ကျွန်တော်အခု ရေးပြထားတာတွေကို နားမလည်လို့ ပဲဖြစ်ဖြစ် မှားယွင်းနေလို့ ပဲဖြစ်ဖြစ်  အဆင်မပြေလို့ ပဲဖြစ်ဖြစ်


mr.chateauman@gmail.com  ( Chateau Man )

kyawnaingtun1992@gmail.com  ( Haha Knt )

aloyss1018@gmail.com  ( Virus )

ridermoe.mdy2012@gmail.com  ( Moe Myat Thu Kha )

www.collectionofandroids.wordpress.com

www.facebook.com/groups/CollectionOfAndroid/

https://www.facebook.com/CollectionOfAndroids


သို့ ဆက်သွယ် မေးမြန်းနိုင်ပါတယ်..

Custom ROM များအား အခမဲ့ ရယူနိုင်သော ဝက်ဆိုဒ်များ

www.shuame.com

www.shendu.com